


စကားပြေအရေးအသားများ

SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# လူခါး
# ဦးအောင်သင်းကို
# မေးကြည့်ခြင်း

စကားပြေအရေးအသားများ

လုပ်ပြီဆိုလို့ရှိရင် အဲဒါကို သေချာ ကျကျနန ပြတ်ပြတ်သားသား လုပ်ရတယ်။ ဒါပေမဲ့ မင်း လုပ်တဲ့အတွက်ကြောင့် မင်း ကလောင်က အောင်မြင်ချင် အောင်မြင်မယ်၊ မအောင်မြင်ချင် မအောင်မြင်ဘူး၊ ငါ မသိဘူး၊ မပြောနိုင်ဘူး။ ဒါပေမဲ့ သေချာတာတစ်ခုကတော့ မင်းစာရိတ္တမပျက်တော့ဘူး...။

အောင်သင်း


ဦးအောင်သင်းကိုမေးကြည့်ခြင်း ( လူခါး )
9 782022 000084

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၈)

ပုံနှိပ်မှတ်တမ်း



# ဦးအောင်သင်းကို မော့ကြည့်ခြင်း

## လူခါး

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ

မျက်နှာဖုံးဒီဇိုင်း - ဗဂျီလင်းဝဏ္ဏ

အတွင်းဒီဇိုင်း - နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ - ၁၀၀၀

စာအုပ်တန်ဖိုး - ၆၀၀၀ ကျပ်

ထုတ်ဝေသူ - ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)

ပုံနှိပ်သူ - ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး - ကိုလတ်စာပေ
အမှတ် ၂၀၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

လူခါး
ဦးအောင်သင်းကို မော့ကြည့်ခြင်း / လူခါး။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၂။
စာမျက်နှာ - ၁၈၄၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၈) ဦးအောင်သင်းကို မော့ကြည့်ခြင်း

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ♦ | ဆရာကြီး ဦးအောင်သင်း၊ စာရိပ်မြိုင်နဲ့ ကျွန်တော် | ၅ |
| ၁။ | တန်ဖိုး | ၇ |
| ၂။ | ညီမင်းညို ပြန်ပေးပါ | ၁၇ |
| ၃။ | ရင်ဘတ်ကိုမှန် ပြန်ကန်ထွက်လာတဲ့ အရေးအသား | ၂၇ |
| ၄။ | ခေတ်ကို ဖိနပ်လုပ်စီးကြသူများ | ၃၅ |
| ၅။ | ဝေးရပ်မြေရပ်ခြား ပေးစာများ | ၄၅ |
| ၆။ | အိမ်မွေးခွေးများ မဟုတ်ပါ | ၅၅ |
| ၇။ | သင်းပျံ့မွှေးရီ ကြွေခဲ့ပြီတည်း | ၆၁ |
| ၈။ | ကျွန်တော်နှင့် သချိုင်းကုန်းအဟောင်းများ | ၆၅ |
| ၉။ | အမေ့ရဲ့ လ | ၇၇ |
| ၁၀။ | ဆူးကို စူးစေ | ၈၃ |


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ၁၁။ | အမှောင်ထဲက ရွာကလေး | ၉၁ |
| ၁၂။ | ဦးပုည လူမှား အရိုက်ခံရခြင်း | ၉၉ |
| ၁၃။ | မြို့တစ်မြို့ကို ဦးညွှတ်ခြင်း | ၁၀၅ |
| ၁၄။ | မြစ်လက်တက်များ | ၁၁၃ |
| ၁၅။ | မစန္ဒာရီ၊ အလှကိုယ်စီ ပန်းလိုသီနှင့် ငှက်ပျောသီးခွံကိစ္စ | ၁၂၁ |
| ၁၆။ | ကျည်ဆန်ရထားပေါ်က ခုန်ချသူများ | ၁၂၇ |
| ၁၇။ | ကျောင်းဖွင့်ချိန် | ၁၃၃ |
| ၁၈။ | မရွံ့သော ဒူးများ | ၁၄၃ |
| ၁၉။ | ကြယ်လွဲမိုးကို မသိဘူးလား | ၁၅၃ |
| ၂၀။ | ကြယ်စင်အစစ် အမှန်ဖြစ်စေ | ၁၆၁ |
| ၂၁။ | ဦးအောင်သင်းကို မော့ကြည့်ခြင်း | ၁၆၉ |


mgyoe.com

mgyoe.com SAMPLE BOOK

## ဆရာကြီး ဦးအောင်သင်း၊ စာရိပ်မြိုင်နဲ့ ကျွန်တော်

၂၀၁၁ ခုနှစ်တုန်းက ဆရာကြီး ဦးအောင်သင်းနဲ့ ကျွန်တော်နဲ့ ဆုံခဲ့ကြဖူးတယ်။ ပထမဆုံးနဲ့ နောက်ဆုံးအကြိမ်ပါပဲ။ အဲဒီတွေ့ဆုံမှုမှာ ကြားခွင့်ရခဲ့တဲ့ ဆရာကြီးရဲ့ စေတနာ စကားတွေဟာ ကျွန်တော့်ဘဝရဲ့ စာပေဖြတ်သန်းမှုအတွက် အများကြီး အထောက်အကူ ဖြစ်ခဲ့ရပါတယ်။ ဆရာကြီးရဲ့ သွန်သင်လမ်းပြပေးခဲ့တဲ့ စကားတွေကို အသံ ဖမ်းယူထားနိုင်ခဲ့ပြီး စာရေးဖို့ ပျက်ကွက်မိတိုင်း ပြန်နားထောင် ဖြစ်ခဲ့ပါတယ်။

အဲဒီလို နားထောင်ဖြစ်တိုင်း ဆရာကြီးရဲ့စကားတွေကို တခြားသော စာပေချစ်ခင်သူတွေလည်း နားထောင်ခွင့် ရစေချင်တဲ့ စိတ်ကလေး ကျွန်တော့်မှာ ဖြစ်လာခဲ့တယ်။ ဒါနဲ့ပဲ အဲဒီအကြောင်းတွေကို ဆရာ ဦးဝင်းငြိမ်း စီစဉ်တဲ့ ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်းမှာ ဆောင်းပါးတစ်ပုဒ်အနေနဲ့ ရေးဖြစ်ခဲ့တယ်။

ကျွန်တော်ရေးတဲ့ စာလေးတွေကို စာရိပ်မြိုင် စာအုပ်တိုက်ကနေ အခုလို စာအုပ်ကလေးအဖြစ် စုစည်းထုတ်ဝေဖို့ ဖြစ်လာတော့လည်း အဲဒီတုန်းက ရေးဖြစ်တဲ့ ဆရာကြီးအကြောင်းပါတဲ့ ဆောင်းပါးရဲ့နာမည်လေးကိုပဲ စာအုပ်နာမည်အဖြစ် ရွေးချယ်ပေးဖြစ်ခဲ့ပြန်ပါတယ်။

ဆရာကြီး ဦးအောင်သင်းက ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ၊

mgyoe.com

mgyoe.com SAMPLE BOOK

၂၅ ရက်နေ့မှာ ဆုံးပါးသွားခဲ့တာ ဆိုတော့ အခု ၂၀၂၂ ခုနှစ် အောက်တိုဘာလဆို ၈ နှစ် ရှိပြီပေါ့လေ။ ဆရာကြီး လူ့လောကထဲက ထွက်ခွာသွားတဲ့ အောက်တိုဘာလဟာ ကျွန်တော် လူ့လောကထဲ စရောက်တဲ့ ကျွန်တော့် မွေးလလည်း ဖြစ်နေပါတယ်။ ဆရာကြီးနဲ့ ဆုံတွေ့ခွင့်ရခဲ့တဲ့အကြောင်း ရေးထားတဲ့ ဆောင်းပါးနာမည်လေးကို စာအုပ်နာမည်အဖြစ် ယူထားတဲ့ ဒီစာအုပ်ကလေးကလည်း အောက်တိုဘာလမှာ မှတ်မှတ်ရရ ထွက်လာနိုင်ခဲ့ပါတယ်။

ဆရာကြီး အလွမ်းပြေလို့လည်း ဆိုချင် ဆိုနိုင်ပါတယ်။ အောက်တိုဘာလမှာ စာအုပ်ထွက်နိုင်အောင် စီစဉ်ပေးတဲ့အတွက် စာရိပ်မြိုင် စာအုပ်တိုက်က ထုတ်ဝေသူ ကိုပြည့်အာကာကို ကျေးဇူးတင်ပါတယ်။

ဆရာကြီး ဦးအောင်သင်းကို ချစ်တဲ့ စာချစ်သူများအနေနဲ့လည်း ကျွန်တော့်ဆောင်းပါးလေးထဲက ဆရာကြီးရဲ့စကားတွေကို ဖတ်ရှုမိခဲ့ရင် ဆရာကြီးကို လွမ်းတဲ့ အလွမ်းတွေ တခဏဖြစ်ဖြစ် ပြေပျောက်နိုင်ကြပါစေလို့ ဆန္ဒပြုရင်း. . .။

လူခါး

၂၀၂၂၊ ၁၀၊ ၂၂၊ ဂျပန်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# တန်ဖိုး

(၁)

"လူတစ်ယောက်ရဲ့ တန်ဖိုးဆိုတာ သူ့မှာ ပိုက်ဆံဘယ်လောက် ရှိသလဲဆိုတဲ့ အချက်အပေါ် မှာ မူတည်တာ မဟုတ်ဘူး။ သူက လူဘယ်နှယောက်ကို ထမင်းကျွေးထားနိုင်သလဲဆိုတဲ့ အချက်ပေါ် မှာ မူတည်တာ"

❑

(၂)

ကျွန်တော့်မှာ စာအလွန်ဖတ်၍ အမှတ်သညာ အားကောင်းသော မိတ်ဆွေတစ်ယောက် ရှိခဲ့ဖူးပါသည်။ သူက စာဖတ်ခြင်းကိုသာ နှစ်ခြိုက်၍ စာရေးခြင်းကိုကား လုံးဝမလုပ်ဘဲနေသည်ဟု ပြောမဖြစ်ရုံလောက်သာ ရေးသူဖြစ်၏။ သူ့ထံ၌ရှိသော စာအုပ်များစွာတို့ကို အလွတ်နီးပါး အာဂုံဆောင်နိုင်အောင် ဖတ်မှတ်တတ်သူတစ်ဦးလည်း ဖြစ်သည်။ သူမလွဲမသွေ ပြုမူတတ်ဆုံးသောအရာမှာ သူကြိုက်နှစ်သက်မိသော စာတိုပေစ ဒဿနကလေးများကို စာအုပ်တစ်အုပ်ဖြင့် ကူးယူ၍ ကျက်မှတ်နေတတ်ခြင်းပင် ဖြစ်သည်။

အထက်ပါ စကားလေးအား သူ့ထံမှ ကြားခဲ့ရသည့်နေ့က သူ့အိမ်ရှေ့ရှိ ဝါးရုံပင်ရိပ်တို့အောက်တွင် သူနှင့်ကျွန်တော် အတူထိုင်ဖြစ်ကြသည့် နေ့

mgyoe.com

mgyoe.com SAMPLE BOOK

လည်း ဖြစ်ပါသည်။ ထိုနေ့က သူနှင့် စကားပြောရခြင်းသည် ခါတိုင်းနေ့များ ဆီကထက် ပို၍ သာမောဖွယ်ကောင်းနေခဲ့သည်တော့ အမှန်ပဲ ဖြစ်ပါ၏။ ကျွန်တော်တို့နှင့် မလှမ်းမကမ်းတွင် လက်မလည်အောင် ရောင်းနေရသော သူ့အိမ်သူသက်ထား၏ ထမင်းဆိုင်ကလေးအား ကြည့်နေသော သူ၏ မျက်လုံးများထဲတွင် အချိန်အခါမဟုတ် ကြယ်တာရာတို့ လင်းလက်နေသည်ဟု ထင်ခဲ့မိသည်။

"ပြီးပြည့်စုံခြင်း အလျဉ်းမရှိတဲ့ လူတွေက သူတစ်ပါးကို အပြစ်ပြောတတ်တယ်။ နည်းနည်း ပြည့်ဝတဲ့ လူတွေကတော့ ကိုယ့်ကိုယ်ကို အပြစ်ပြောတတ်တယ်တဲ့။ အဲ. . . လုံးဝ ပြည့်ဝသွားတဲ့ လူတွေကတော့ ဘယ်သူ့ကိုမှ အပြစ်မပြောကြတော့ဘူးတဲ့ကွ"

ကျွန်တော်တို့ အညာမြို့ကလေးမှ စာပေပညာရှင်ကြီးတစ်ယောက်အား ပူဇော်ဂုဏ်ပြုရေးသားသည့် ကဗျာ၊ ဆောင်းပါး ပေါင်းချုပ် စာအုပ်ကလေးနှင့်ပတ်သက်၍ သူ၏မကျေနပ်ချက်များကို ဖွင့်ဟပြီးသည့်နောက်၌ ထိုစကားကို သူပြောခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော်ကတော့ ထိုမိတ်ဆွေ၏နောက်မှ စာရေးစာဖတ်လုပ်လာခဲ့သူပီပီ မည်သည့်စကားမျှ မှတ်ချက်ဝင်မပေးခဲ့မိပါပေ။

သို့သော် ထိုနေ့က သူ့အိမ်၌ ထမင်းစားရန် အတင်းစီစဉ်ခဲ့ခြင်းကိစ္စကိုတော့ ကျွန်တော်များစွာ အငြင်းရခက်စွာဖြင့် လက်ခံခဲ့ရပါသည်။ သူ၏ အမှတ်မထင် တည်ခင်းခဲ့သော ထိုထမင်းနပ်ကလေးသည် သူ့အိမ်သူ၏ ဆိုင်ကလေးမှ ဖွယ်ဖွယ်ရာရာ ဟင်းလျာတို့နှင့်ပဲ ဖြစ်ပါသည်။ ထမင်းမြိန်၍ အမြဲတစေ အမှတ်တရဖြစ် ရှိနေရမည့် ထမင်းနပ်ကလေး တစ်နပ်လည်း ဖြစ်ခဲ့သည်။

ထိုနေ့၏ နောက်ပိုင်းများ၌ သူနှင့်ကျွန်တော် မဆုံဖြစ်တော့။ ဆုံလျှင်လည်း ကျွန်တော် ထမင်းစားဖြစ်တော့မည် မဟုတ်တော့။ ထမင်းတစ်နပ်အတွက် တစ်ခုခုပေးစေချင်သော စေတနာရှိသူတို့၏ ထမင်းအား ပြန်ပေးနိုင်သည်ထားဦး ကျွန်တော် မစားချင်တော့။

❑

mgyoe.com

mgyoe.com
SAMPLE BOOK

(၃)

*အပေါ်ယံ ရွှေမှုန်ကြဲထားပုံက*
*ရင်ခုန်စရာ*
*ရေကြည်ရာ မြက်နုရာများ*
*တောမှောက်သော နက်ရှိုင်းခြင်းများ*
*ခိုများ၊ ကျီးကန်းများ၊ ထပ်ခိုးများ*
*လူဖြစ်ရကျိုးနပ်စေဖို့ ဆွဲငင်တယ်*
*လူဖြစ်ရကျိုး နပ်ချင်လို့ တွန်းကန်တယ်*
*လေချွန်သံလား*
*မြွေတွန်သံလား။*

ရန်ကုန်မှာမွေး၊ ရန်ကုန်မှာကြီးခဲ့သည့် ရန်ကုန်သား ကဗျာဆရာ လင်းလက်တာရာကတော့ ရန်ကုန်ကို သို့ကလို ထည့်သွင်းဖွဲ့နွဲ့ အာသာဖြေခဲ့ဖူးပါသည်။ ကျွန်တော်ကရော။ ကျွန်တော်ကတော့ ဘဝကို တော်တော်ဝေးဝေး ဖြတ်သန်းပြီးခဲ့သည်အထိ ရန်ကုန်နှင့်ပတ်သက်၍ ဖွဲ့နွဲ့ စရာမရှိသလောက် နီးနီး ခံစားမှုမဲ့ဖြင့် နေခဲ့ဖူးပါသည်။ ရန်ကုန်နှင့် ကျွန်တော်သည် မိတ်ဆွေ သူငယ်ချင်း မဟုတ်ခဲ့သလို စီးပွားဖက်လည်း မဟုတ်ခဲ့ကြ။

ကျွန်တော်က ရန်ကုန်သည် ကျွန်တော့်ကဲ့သို့ အညတရ အညာသား တစ်ယောက်အား ချောင်းမြောင်းလုပ်ကြံရန် အခါမရွေး စောင့်ဆိုင်းနေသူ တစ်ယောက်ဖြစ်သည်ဟု သတိကြီးစွာဖြင့် ထိတွေ့သွားလာ ဆက်ဆံနေခဲ့မိသူမျှသာ ဖြစ်ပါသည်။

ဤနည်းနှင်နှင်လေးသာ ပတ်သက်စပ်လျှက်နေရင်းကပင် ရန်ကုန်ကို ဇာတ်ကောင်ထားပြီး ဖွဲ့နွဲ့စရာ စာတစ်ပုဒ် ကျွန်တော့်ရင်၌ ပေါက်ဖွားလာခဲ့သေးသည်။ ပြည်ပနိုင်ငံတစ်ခုသို့ အထွေထွေလုပ်သားတစ်ယောက်အနေဖြင့် သွားခွင့်ရရန် ကြိုးပမ်းနေစဉ် ကာလများကပဲဖြစ်၏။ ပြည်ပရောက်လျှင် စားသုံးနိုင်ရန် ကျွန်တော့်မိဘများ စီမံချက်ပြုတ်ပေးလိုက်သော အကြော်အလှော်ခြင်းကလေးသည် သတိလက်လွတ် အချိန်ခဏလေးအတွင်းမှာပင် အငှားကားတစ်စီးပေါ်၌ ပါသွားခဲ့ခြင်းကို ဖွဲ့ထားသည့် အဖွဲ့ကလေးဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ရန်ကုန်ကို ကျွန်တော်သိထားသည်က ဝင်လာသမျှ မိတ်သင်္ဂဟ အပေါင်းအား သူ့ခြေဖဝါးအောက် ဆွဲသွင်းတတ်သည့်သတ္တဝါ။ ထိုကဲ့သို့ သိခြင်းအတိုင်းလည်း ကျွန်တော်က ရန်ကုန်ကို ကြောက်လန့်နေခဲ့မိသူ။

ပြည်ပသို့ အလုပ်သွားလုပ်မည့် လူငယ်လေးတစ်ယောက်၊ မဖြစ်စလောက် အမေ့မှားကလေးတစ်ခု။ သို့သော် ဆုံးရှုံးရမည်က ရွက်လွှင့်ခြင်းအတွက် အထောက်အကူဖြစ်စေမည့် စားနပ်ရိက္ခာ။ ငွေစကြေးစ ချို့တဲ့သော ကျွန်တော့်အခြေအနေဖြင့် မိဘများ ချက်ပြုတ်ကြော်လှော်ပေးလိုက်သော အကြော်အလှော်များကိုသာ လုံးလုံးအားထားမှီခိုရာ ဖြစ်နေခဲ့ရသည့် အချိန်ကာလဖြစ်ခဲ့ခြင်းကြောင့်လည်း ထိုခြင်းကလေးအပေါ် ပို၍ မက်မောတွယ်တာစိတ် ဖြစ်မိခဲ့ရသည့်အချိန်။

ကျွန်တော် ကံကောင်းခဲ့ပါသည်။ ပျောက်ဆုံးသွားခဲ့သော ထိုခြင်းကလေးအား လက်ရာ အနည်းအကျဉ်း ယွင်းနေသည်မှအပ ပြန်လည်ရရှိခဲ့ပါသည်။ ထိုအကြောင်းကလေးအား ကြားထဲမှ ဝန်ဆောင်မှုပေးသော အေဂျင်စီ၏ ရုံးခန်းထဲတွင် ညအိပ်ရင်း ဝတ္ထုတိုတစ်ပုဒ်အဖြစ် ဖန်တီးခဲ့ပြီး ကလောင်သစ်များကို ဦးစားပေးသော မဂ္ဂဇင်းတစ်စောင်သို့ သွားရောက်ပေးပို့ဖြစ်ခဲ့သည်။

ကျွန်တော် ပြည်ပရောက်ပြီး တစ်နှစ်နှင့် ခြောက်လခန့်အကြာတွင် ထိုဝတ္ထုတိုလေး အပယ်ခံရကြောင်းကို စာမျက်နှာများမှတဆင့် သိခွင့်ရခဲ့သည်။ ထိုအချိန်က ကျွန်တော်လည်း လက်လှမ်းမှီသမျှ ဝတ္ထုတိုများကို အတော်အသင့်ဖတ်ပြီးနေပြီဖြစ်သည့်အတွက် မသပ်မရပ်ဖြစ်ခဲ့ရသော ထိုဝတ္ထုတိုလေးအပေါ် ကလေးဘဝက စာရွက်လွတ်ပေါ်၌ စိတ်လိုလက်ရ လျှောက်ခြစ်ခဲ့ဖူးသော အရုပ်ကလေးတစ်ရုပ်အား ပြန်တွေ့လိုက်ရသကဲ့သို့ ပြုံးဖြစ်ခဲ့ပါသည်။

ထိုဝတ္ထုတိုလေးကို အသာပဲသိမ်းထားပြီး တစ်နေ့ကျရင် ပြင်ဆင်ရေးသားမည်ဟု ရင်ထဲ၌ တေးမှတ်ထားဖြစ်ခဲ့သည်။ ထိုအချိန်မှစ၍ ထိုစာမူလေးအား ရင်ထဲ၌ အကြိမ်ကြိမ် ပြန်လည်ပြင်ဆင်ရေးသားနေမိခဲ့သည်မှအပ ရန်ကုန်နှင့်ပတ်သက်၍ ကျွန်တော့်ကလောင်များတွင် အမှတ်တရဖြစ်ရချက်များ ရောက်မလာတော့သည်အထိ ကျွန်တော်နှင့် ရန်ကုန်သည် စိမ်းသွား

mgyoe.com

mgyoe.com SAMPLE BOOK

ခဲ့ရတော့သည်။

သို့သော် ကျွန်တော့်အနေဖြင့် ရန်ကုန်က ခင်ဗျားတို့ထင်သလို မဟုတ်ရပါဘူးဗျာဟု ပြောခွင့်ရရန် ကြိုးပမ်းခဲ့ခြင်းကတော့ အမှန်ပဲဖြစ်၏။

❑

(၄)

ပြီးခဲ့သည့် ၂၀၁၃ နှစ်ဦးပိုင်းလများကတော့ ရန်ကုန်၏ အားကောင်းမောင်းသန်နိုင်လှသော လက်ဖဝါး အေးစက်စက်ကြီးများကို ကျွန်တော်ကိုယ်တိုင် ဆွဲယူနုတ်ပစ်လိုက်ဖူးပါသည်။

ငါ ပြန်လာပြီ ရန်ကုန်။

ကျွန်တော် ရန်ကုန်ကို ထိုကဲ့သို့ ခပ်တင်းတင်း မိတ်ဖွဲ့စကား ဆိုခဲ့ပါသည်။ ပြည်ပသို့ ရောက်နေသည့် နှစ်ကာလများအတွင်း ရန်ကုန်ကဲ့သို့ သူစိမ်းဆန်သော လူပုဂ္ဂိုလ်များကို ထိတွေ့ပတ်သက်ခဲ့ရသဖြင့် ရန်ကုန်ကို ကျွန်တော် မကြောက်တော့။ ရန်ကုန်က မေးလာမည့် မေးခွန်းအသစ်အဆန်းများကို အားရပါးရ တွယ်ပစ်ချင်ခဲ့မိသည်။ ရန်ကုန်၏ မည်သည့်အစိတ်အပိုင်းကို စတင် ထိတွေ့ကြည့်မလဲ ဟူသော မေးခွန်း၏နောက်တွင် ကျွန်တော့်စာမူတစ်ပုဒ်အား မကြာသေးမီက ဖော်ပြထားသော မဂ္ဂဇင်းတိုက်တစ်ခုဆီသို့ ရောက်ရှိသွားပါတော့သည်။

ပထမဆုံး ကျွန်တော် ဘယ်သူပါဟု ပြောရပါသည်။ ဒုတိယ ကျွန်တော့်စာမူကလေးအကြောင်း ပြောခဲ့မိပါသည်။ ရိုးသားစွာဝန်ခံရလျှင် ထိုအချိန်ထိ စာမူတစ်ပုဒ်၏တန်ဖိုးသည် မည်ရွေ့မည်မျှဖြစ်သည်ကို ကျွန်တော် မသိသေးပါ။ ကျွန်တော့်၌ ကပ်ငြိနေသည့်ချင်ခြင်းကား ကျွန်တော့်စာမူပါသော စာအုပ်ကလေးအား ရင်ထဲ၌ အားရပါးရ ကျုံးရင့် ဝမ်းမြောက်ချင်မိခြင်းပင် ဖြစ်ပါသည်။

သို့သော် ကျွန်တော်ဘယ်သူပါဟု ဒုတိယအကြိမ် ထပ်ပြောပြီးချိန်အထိ တာဝန်ခံဖြစ်သူမှာ ကြားဖူးနားဝမရှိသည့် ဘာသာစကားတစ်ခုအား အဓိပ္ပာယ်ဖွင့်ကြည့်နေသကဲ့သို့ ကျွန်တော့်အား ပြူးလျက်သာ ကြည့်နေပါသည်။ ထိုအထိ ကျွန်တော် အားမလျော့မိသေး၊ ကျွန်တော့်စာမူအမည်နှင့်

mgyoe.com

mgyoe.com SAMPLE BOOK

စာမူပါရှိသည့် မကြာခဲ့သေးသည့်လကိုလည်း ပြောလိုက်မိသေးသည်။

"သြော်. . . သိပြီ. . . သိပြီ" ဟူသော စကားနှင့်အတူ ကျွန်တော့်ရှေ့မှထွက်သွားပြီး ငါးမိနစ်ခန့်ကြာမှ ပြန်ရောက်လာပါသည်။ စာအုပ်ကြားထဲတွင် ထောင်တန်အနွမ်းကလေး လေးရွက်ကို ခါးတစ်ပိုင်းဖော်ကာ ညှပ်လာခဲ့သည်ကို ကျွန်တော့်လက်ထဲမရောက်မီကပင် လှမ်းမြင်လိုက်ရသည်။

ကျွန်တော်က ထိုထောင်တန်များအား ဂရုမစိုက်အား စာအုပ်ကိုကောက်လှန်ပြီး ဝတ္ထုတိုဟူသောအောက်မှ ကျွန်တော့်အမည်ကို ကမန်းကတန်း ရှာကြည့်လိုက်မိသည်။ မတွေ့၊ ထပ်ရှာသည်၊ မတွေ့။

"စာအုပ်က ကုန်သွားလို့ အဲဒီစာအုပ် အစားယူသွားပါ" စာပေနှင့်ပတ်သက်၍ ကျွန်တော် ခံစား ပြုလုပ်ရေးသားနေမိသည်များမှာ ရင်၌ သို၀ှက်မထားနိုင်လွန်းသဖြင့် ရေးနေမိခြင်းသာ ဖြစ်ပါသည်။ သီးခြားအကျိုးခံစားခွင့်ဘာညာ စသည်တို့ကိုကား တိတိကျကျ မျှော်လင့်ထားတာမျိုး မရှိခဲ့ရိုးအမှန်ပင် ဖြစ်ပါသည်။

သို့သော် မိမိစာမူပါသော စာအုပ်၊ မိမိနှလုံးဖြင့် ရင်းရသော စာမူကလေးအတွက် အသိအမှတ်ပြုသည့် နေရာလေးတစ်ခုကိုတော့ မည်သည့်စာရေးသူမဆို အလိုရှိကြကုန်သည်ဟု ကျွန်တော် ပြောရဲပါသည်။ နောက်ဆုံးစာမူခဆိုသည့် ငွေကြေးကြီးကို ထားဦး၊ စာအုပ်ကလေးအား သိမ်းထားခွင့်၊ ပြန်လည်ဖတ်ရှု ပီတိဖြစ်ခွင့်ရသည်နှင့်ပဲ ကျေနပ်နှစ်သိမ့်နေချင်သည်မှာ ကျွန်တော်၏ ဆန္ဒတရားပဲ ဖြစ်ပါသည်။

ထိုနေ့က ရန်ကုန်သည် ကျွန်တော့်အား ပဥ္စလက်ဆန်စွာ ဂိုးသွင်းသွားခဲ့ပါသည်။

❑

(၅)

တလောက ညီအရင်းကဲ့သို့ ခင်မင်ရသော လူငယ်လေးတစ်ယောက် ကျွန်တော့်ထံသို့ လမ်းကြုံ သဘောမျိုးဖြင့် ရောက်လာပါသည်။

"အလုပ်သာ လုပ်နေရတာ အစ်ကိုရယ်၊ လုပ်အားခကျတော့ နေ့တိုင်းရှင်းမပေးဘူး၊ ရှင်းမပေးလို့ လကုန်ရက် သွားတောင်းတော့လည်း အထက်က

mgyoe.com

mgyoe.com SAMPLE BOOK
ကျမလာသေးလို့ ရှင်းမပေးနိုင်သေးဘူးလို့ ပြောတယ်" ဟု အစချီကာ သူ၏ လက်တွေ့ဘဝများကို ညည်းချင်းတစ်ခုကဲ့သို့ ဖွင့်ဟ ပြောဆိုလာပါသည်။ ထိုညီငယ်လေးပြောပြသော အလုပ်ကို ကျွန်တော်သိပါသည်။ သိစကတည်းက ထိုအလုပ်ကို နှစ်သက်ခြင်း အလျဉ်းမရှိပါ။ အလုပ်ကို မနှစ်သက်ရခြင်းထက် အလုပ်၏နောက်မှာ ကပ်ပြီး ပါလာတတ်သော ဆက်တွဲကိစ္စများကို မနှစ်သက်ရခြင်း ဖြစ်ပါသည်။

ထိုညီငယ်လေးတို့ အလုပ်လုပ်ကြသည်မှာ အလွန်တရာကြီးမား ကျယ်ပြန့်သော စိုက်ပျိုးရေးခြံကြီး တစ်ခြံတွင်ဖြစ်ပါသည်။ ထိုခြံကြီးထဲတွင် သစ်မွှေး၊ နဂါးမောက် စသဖြင့် သာမန်တောင်သူများ မစိုက်ပျိုးနိုင်သော အဖိုးတန် မျိုးကောင်းမျိုးသန့်များကို နှစ်ရှည်စီမံကိန်းအဖြစ် စိုက်ပျိုးထားပါသည်။

အဆိုပါခြံကြီး၏ ပိုင်ရှင်မှာ ဒီကနေ့ အစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော အရေးပါ အရာရောက်သည့် ပုဂ္ဂိုလ်ကြီးတစ်ဦးပဲ ဖြစ်ပါသည်။ လုပ်သားများအနေဖြင့် လူနေအိမ်ခြေများနှင့် အလှမ်းကွာလှသော ထိုခြံကြီးထဲသို့ သတ်မှတ်ချိန် ဒင်ခနဲ အတိရောက်မှ အလုပ်ဝင်ခွင့်ရပါသည်။ ငါးမိနစ်တန်သည်၊ ဆယ်မိနစ်တန်သည် နောက်ကျပါက စည်းကမ်းဟူသော စည်းမျဉ်းကြီးဖြင့် ဆီးကြိုရိုက်နှက်ကာ အလုပ်ဆင်းခွင့်ကို ပိတ်ပင်ပစ်တတ်ပါသည်။

အလုပ်ခွင်တွင်ကား စနစ်တကျ ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုပီပီ အဆင့်များခွဲကာ နောက်ဆုံးအဆင့်အနေဖြင့် ပေါင်းပေါက်၊ ရေလောင်း၊ သစ်သီးဆွတ်သည့်အဆင့်ထိ လုပ်ဆောင်ကြရသည်။ ကျွန်တော်နှင့် ခင်မင်ရသော ညီငယ်လေးမှာ နေ့စား ထောင့်ငါးရာကျပ်မျှဖြင့် လုပ်ကိုင်နေရရှာသော အောက်ဆုံးအဆင့် အလုပ်သမားကလေးမျှသာ ဖြစ်သည်။

သူသည် စည်းကမ်းများ၏ ဒဏ်တပ်မှုဖြင့် အလုပ်မဆင်းရခြင်း၊ အခမဲ့ အချိန်ပိုလုပ်ပေးရခြင်းများကို ဖက်တွယ်ကာ မိသားစုကို ဖေးမနေရရှာသူကလေး ဖြစ်သည်။ သို့သော် ထိုညီငယ်နှင့်ဘဝတူ အလုပ်သမား ကြုံတွေ့နေရသည့် ကြီးမားသောကိစ္စမှာ အထက်က ငွေမကျသေးလို့ဟူသော အကြောင်းပြချက်ဖြင့် လုပ်အားခရှင်းပေးရန် နောက်ဆွယ်ထားတတ်ခြင်းပင် ဖြစ်သည်။
mgyoe.com

mgyoe.com
SAMPLE BOOK

တစ်လ၊ ရက်နှစ်ဆယ် နောက်ကျပြီးမှသာ လုပ်အားခကို ရှင်းပေးတတ်ပါသည်။

သာမန် လက်လုပ်လက်စားများသာဖြစ်သော သူတို့တစ်တွေမှာ ထိုခြံကြီးတွင်မှ အလုပ်မလုပ်လျှင် လုပ်စရာအလုပ် မရှိသလောက်နီးနီး ရှားပါးသော ဘဝတွေပဲ ဖြစ်ပါသည်။ အလုပ်ရှားပါးသဖြင့် ရှိသည့်အလုပ်ကလေး ဖက်တွယ်ထားမိပြန်တော့လည်း နေ့တဓူဝ ထမင်းနပ်များမှာ မျှော်တော်ဇောနှင့် မောရသော ထမင်းနပ်များ ဖြစ်လို့နေပြန်ပါသည်။

ကျွန်တော်ကတော့ ထိုညီငယ်လေး ပြန်သွားပြီးသည့်နောက်၌ လူတစ်ယောက်၏တန်ဖိုးကို လူဘယ်နှယောက်ကို ထမင်းကျွေးထားနိုင်သလဲ ဆိုတဲ့အချက်ပေါ်မှာ မူတည်တယ်ဟု သတ်မှတ်ပြောဆိုခဲ့သော မိတ်ဆွေ စာရေးဆရာကို သတိရလိုက်မိပါသေးသည်။ ထမင်းနပ်တိုင်းသည် စေတနာ သဒ္ဓါတရားတစ်ခုတည်းဖြင့် ကျွေးမွေးခဲ့ကြသော ထမင်းနပ်များ ဟုတ်ပါရဲ့ လားလို့ ဆင်ခြင်ကြည့်ဖို့တော့ လိုပါလိမ့်မည်။

❑

(၄)

*လူတွေ မြင်မြင် မမြင်မြင်*
*လူတွေ သိသိ မသိသိ*
*လူတွေ တွေ့တွေ့ မတွေ့တွေ့*
*ဆီးပင်အောက်က ဆီးသီးတစ်လုံး*
*ကောက်စားဖူးခဲ့တယ်။*
*လူတွေ မြင်မြင် မမြင်မြင်*
*လူတွေ သိသိ မသိသိ*
*လူတွေ တွေ့တွေ့ မတွေ့တွေ့*
*လမ်းလယ်ခေါင်က ဆီးသီးတစ်လုံး*
*ကောက်မစားခဲ့ဖူးဘူး။*

တောင်တွင်းကြီးမြို့ အရှေ့တောင်ဘက်ရှိ ငွေဖိုကျေးရွာကလေး၏ အတွေးသစ် စာကြည့်တိုက် တတိယအကြိမ် နှစ်ပတ်လည် အခမ်းအနားမှာ ပဲဖြစ်၏။ အထက်ပါ ကဗျာလေးမှာ ထိုပွဲကလေးသို့ လာရောက်ဟောပြော

mgyoe.com

mgyoe.com SAMPLE BOOK

သော ဆရာ၊ ဆရာမများအနက်မှ ဆရာခိုင်မင်း ရွတ်ဆိုသွားခဲ့သော "တန်ဖိုး" ဆိုသည့် ကဗျာလေးဖြစ်ပါသည်။ ထိုစဉ်က ကဗျာတစ်ပုဒ်၊ စာတစ်ပုဒ်ကို စာအုပ်ကလေးဖြင့် လိုက်လံ မှတ်သားထားရမှန်း မသိသေးသော ကျွန်တော်က ထိုကဗျာကလေးကိုတော့ ရင်ထဲ အသည်းထဲ၌ အမှတ်တရ သိမ်းထားမိခဲ့ခြင်း ဖြစ်ပါသည်။

ကဗျာကလေးက ရှင်းရှင်းကလေးပဲ ဖြစ်ပါသည်။ ဆီးသီးလေးတစ်လုံး ကောက်စားခဲ့ခြင်းအား ပတ်ဝန်းကျင်မှ လူတို့၏ နားများ၊ မျက်လုံးများဖြင့် အလှဆင်ကာ ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။ အများသူငါနှင့် ပတ်သက်သော ကိစ္စရပ်များကို ပြုလုပ်ပြင်ဆင်တော့မည့်အခါတိုင်း ထိုကဗျာလေးကို သတိတရ ရွတ်ဆိုနေတတ်ပါသည်။

ကျွန်တော်ကတော့ လူပုဂ္ဂိုလ်တစ်ယောက်မှဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုမှဖြစ်စေ၊ သူတို့သတ်မှတ် ဖော်ညွှန်းထားသော စံချိန်စံညွှန်းများဖြင့် တိုင်းတာတွက်ချက်ခြင်းအားဖြင့် လူတစ်ယောက်၏ တန်ဖိုးအမှန်ကို ရစေဖို့ ဆိုသည်မှာ နည်းနည်းတော့ ကျဉ်းမြောင်းရာကျသည်ဟု ထင်ပါသည်။လူတစ်ယောက်၏ တန်ဖိုးကိုသိဖို့ အနည်းဆုံး ခေတ်တစ်ခေတ်လောက် စောင့်ကြည့်စေချင်ပါသည်။ ခေတ်သည် မလိမ်ညာတတ်သောသူပင် မဟုတ်လော။

***Faces (မှခ) မဂ္ဂဇင်း***

*ဩဂုတ်လ၊ ၂၀၁၄ ခုနှစ်။*

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## ညီမင်းညို ပြန်ပေးပါ

ယနေ့ခေတ်ထဲတွင် ဆရာ ညီမင်းညိုဟု ပြောလိုက်လို့မှ မသိသော သူမှာ အမြင်အာရုံသော်လည်းကောင်း၊ အကြားအာရုံသော်လည်းကောင်း သို့တည်းမဟုတ် မွေးကင်းစ ဖြစ်စေ၊ စာအုပ်စာပေမှအစ စာပေဟောပြောပွဲများအထိ တစ်စိုးတစ်စိမျှ စိတ်မဝင်စားသူဖြစ်စေ တစ်ချက်ချက်နှင့် သေချာပေါက် သက်ဆိုင်နေလိမ့်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။

အဲဒီလောက်တောင်ပဲလားဟု မည်သူမှ မေးခွန်းထုတ်လိမ့်မည် မဟုတ်ပါဟုလည်း ကျွန်တော် ယုံကြည်ပါသည်။ နို့ မင်းကရောဟု မေးလာလျှင် ဟုတ်ကဲ့. . . ကျွန်တော်လည်း ဆရာ ညီမင်းညိုကို သိပါသည်ဟု ဖြေပါမည်။ သို့သော် ကျွန်တော်သိသည်မှာ လူကိုမဟုတ်။ စာကိုသာဖြစ်၏။ တနည်းအားဖြင့် ဆရာညီမင်းညိုဖန်တီးသော သူ၏အနုပညာကိုသာ သိခြင်း ဖြစ်ပါသည်။

❑

ဆရာ ညီမင်းညိုကို ရွှေအမြုတေမဂ္ဂဇင်းတွင် ဖော်ပြပါရှိသော "ဂြိုလ်ဆိုး" ဝတ္ထုဖြင့် စတင် သိကျွမ်းခဲ့ခြင်းဖြစ်ပါသည်။ ထိုဝတ္ထုထဲတွင်ပါသော ဇာတ်ဆောင်၏စရိုက်ကို ကျွန်တော် အတော်သဘောကျ နှစ်ခြိုက်မိသည်။ အမေနှင့် သဟဇာတမဖြစ်သော သားတစ်ယောက် ကိုယ်လိုရာကို

mgyoe.com

mgyoe.com SAMPLE BOOK

ရယူနိုင်ခဲ့သော ကျောင်းသားတစ်ယောက်။

အမေက မလိမ်မာသော သားအဖြစ် ပြစ်တင်ပြောဆိုခြင်းကို ခံရသော်လည်း ဆယ်တန်းစာမေးပွဲကို နှစ်ချင်းပေါက်အောင်ကာ ဆရာဝန်ဖြစ်အောင် ကြိုးစားခဲ့သော ဂျစ်ကန်ကန်စရိုက်ရှိသော လူငယ်လေးတစ်ယောက်။

ထိုစဉ်က ကျွန်တော်ကလည်း လူငယ်။ ဆယ်တန်းဖြေပြီးစ။ စာပေကို ဝါသနာထက်ပိုပြီး အနည်းငယ် ဇောင်းပေးဖတ်ရှုခါစ အရွယ်။ ထိုဝတ္ထုကို ကြိုက်သွားသည်။ တစ်ခါတစ်ရံ ထိုဝတ္ထုထဲမှ ဇာတ်ကောင်ကဲ့သို့ပင် ဂျစ်ကန်ကန် မာဆတ်ဆတ် အမူအရာ အတွေးအခေါ် များကို လုပ်ဖြစ်နေမိတတ်သည်။

ဆရာ ညီမင်းညိုလည်း ကျွန်တော် နှစ်သက်မိသော ထိုဝတ္ထုဖြင့် ရွှေအမြုတေ၏ ပရိုတ်သတ်အကြိုက် စာပေဆုကို ရသွားခဲ့သည်။ ဝတ္ထုနာမည်က "ဂြိုလ်ဆိုး"။ မိခင်ဖြစ်သူက သူ့သားကိုခေါ် သောနာမည်။ ဂြိုလ်ဆိုးလေး ဂြိုလ်ဆိုးလေးနှင့်ပေါ့။ ကျွန်တော်သည်လည်း ဂြိုလ်ဆိုးလေးတစ်ယောက် ဖြစ်ခဲ့ဖူးသည်အထိ ထိုဝတ္ထုက ကျွန်တော့်အပေါ် လွှမ်းမိုးခဲ့ဖူးသည်မှာ မှန်သောစကား ဖြစ်ပါသည်။

❑

နောက်ထပ် ဆရာညီမင်းညို၏ ထင်ရှားလူသိများသော အနုပညာလက်ရာတစ်ခုမှာ "ဘဂ္ဂဒက်" ဆိုသောကဗျာ ဖြစ်ပါသည်။ ကဗျာချစ်သူတိုင်းသိသော စာပေမြတ်နိုးသူတိုင်း သိသော ဆရာ၏ ကိုယ်ရေးအကျဉ်းကို စိတ်ဝင်စားသူတိုင်း ထိုကဗျာနာမည် "ဘဂ္ဂဒက်" ကို သိနေပြီး ဖြစ်ကြပါလိမ့်မည်။

အမှန်အတိုင်းဝန်ခံရလျှင် ထိုကဗျာကို စာဖတ်သက် တော်တော်လူလားမြောက်လာမှ ဖတ်ဖူးခဲ့ခြင်းဖြစ်သည်။ ကျွန်တော်က ငြိမ်းချမ်းရေးဆိုတာ ဘာမှန်းမသိသေးသော ကာလများကတည်းက ဆရာက ထိုကဗျာဖြင့် ပရိုတ်သတ်အခိုင်အမာ ရရှိထားပြီး ဖြစ်နေလေသည်။ ဆရာသည် ထိုကဗျာဖြင့် ကလေးတောင်ညို စာပေသမားများကပေးသော ကဗျာဆုတစ်ဆုကို ရခဲ့သည်ဟု မှတ်မိနေခဲ့ပါသည်။

သို့သော် ထိုကဗျာထက် ကျွန်တော့်ရင်ထဲကို ဝင်ရောက်စိုးမိုးသော ဆရာ၏ အခြားကဗျာတစ်ပုဒ်က ရှိနေခဲ့ပါသည်။ ကဗျာအမည်က "တကယ့်ဆို

mgyoe.com

mgyoe.com SAMPLE BOOK
ဒီလိုနေရာမှာ ရှင်နဲ့ကျွန်မ ဘယ်နည်းနဲ့မှ တွေ့စရာအကြောင်း မရှိဘူး" ဖြစ်ပါသည်။

ကဗျာတစ်ပုဒ်မှာ ရှိရမည့်စံ ဘာညာဆိုသည်မှာ ကျွန်တော် ဉာဏ်မမီသောကိစ္စရပ်ဖြစ်သဖြင့် ကျွန်တော့်ရင်ထဲ ဝင်ရောက်မှုဆိုသည့် ပုဂ္ဂလိက ခံစားချက်သက်သက်ဖြင့် ပြောရလျှင် ရင်ထဲကိုရောက်သော ကဗျာကောင်း တစ်ပုဒ် ဖြစ်ခဲ့ပါသည်။

ဆယ်တန်းအထိ ကျောင်းနေဖူးသည့် KTV ကောင်မလေးတစ်ယောက်နှင့် အိမ်ထောင်ရေး အဆင်မပြေသော အိမ်ထောင်ဦးစီးတစ်ယောက်၏ ဆုံတွေ့မှုကို KTV ကောင်မလေးနေရာမှ စကားပြောပုံစံဖြင့် ရေးသားထားသည့်ကဗျာ။

*ကျွန်မ ပခုံးပေါ်က ရှင့်လက်ကို မဖယ်တော့ဘူးလား. . .*
*ရှင်က ရှူးလည်း ရှူးချင်တယ်၊ ရင်းလည်း မရင်းချင်ဘူး*
*ရန်ကုန်မှာ ဒါမျိုးမရဘူး. . .*
*အဲဒီလောက် ဝါသနာပါရင် အိမ်မှာ "စက်" ဝယ်ထားပါလား. . .*

စသည့် ကဗျာစာသားများ မှာ ကဗျာကိုဖတ်ရင်း ဖတ်ရင်း ဖျင်းခနဲ ဖျင်းခနဲ ဖြစ်လာစေသော စာသားများဖြစ်ပါသည်။

ပျော်ပျော်ရွှင်ရွှင်မဂ္ဂဇင်းတွင် ၂၀၀၈ ခုနှစ်၊ ဇွန်လ၌ ဖော်ပြ ပါရှိသော ကဗျာကောင်းတစ်ပုဒ်။ ထိုကဗျာမှာ ရသကောင်းတစ်ပုဒ်၏အလုပ်ကို ကောင်းကောင်း လုပ်သွားသော ဆရာညီမင်းညို၏ အနုပညာလက်ရာတစ်ခုအဖြစ် ကျွန်တော် မှတ်မှတ်ထင်ထင် ရှိနေခဲ့ပါသည်။ ကျွန်တော့်ရင်ထဲ စွဲနေသော ဆရာ၏ အနုပညာလက်ရာမွန်များထဲတွင် ထိုကဗျာသည်လည်း တစ်ခုအပါအဝင်အဖြစ် ယနေ့ထက်တိုင် ရှိနေလေသည်။

❑

ကျွန်တော်မှတ်မိသော အက်ဆေးများကို တစ်ပုဒ်ပြီး တစ်ပုဒ် ရွတ်ပြရမည်ဆိုလျှင် "အမွေ" ဆိုသော အက်ဆေးတစ်ပုဒ်လည်း ပါဝင်နေပါလိမ့်မည်။ စားပွဲခုံလေးတစ်လုံးအကြောင်းကို တခမ်းတနားဖွဲ့ထားသော အက်ဆေးတစ်ပုဒ်။ အဖေမရှိတော့သည့် နောက်ပိုင်း အဖေ တန်ဖိုးထား အသုံးပြုခဲ့
mgyoe.com

mgyoe.com SAMPLE BOOK

သော စားပွဲခုံလေးကို သားဖြစ်သူက လိုလိုချင်ချင် ရယူခဲ့သော အကြောင်း။ ဖတ်ဖူးထားတာက အတော်ကိုကြာခဲ့ပါပြီ။ မဟေသီ မဂ္ဂဇင်းတွင် ဖြစ်သည်။ ၂၀၁၀ ကာလများဆီက ဖြစ်မည်။

စကားလုံးသုံးစွဲမှုများက ရိုးရှင်းသည်။ စာကြောင်းတည်ဆောက်ပုံ ပြေပြစ်ပြီး ဖတ်ရလွယ်ကူသော အထားအသိုများနှင့် အက်ဆေးတစ်ပုဒ်။ သူ ဆိုသော နာမ်စားနှင့် အက်ဆေးဆရာက ပြောပြသည့် သဘောရေးသား ထားသော်လည်း ထိုအက်ဆေးထဲတွင် ကျွန်တော် မြင်လိုက်သည်က ဘဝကို အေးဆေး ရိုးသားစွာ ဖြတ်သန်းခဲ့သော ဖခင်တစ်ယောက်၏ စိတ်နေသဘော ထားများပင် ဖြစ်သည်။

မိသားစုအတူ လက်ရည်တစ်ပြင်တည်း ထမင်းဝိုင်းဖွဲ့ခြင်းကို အလေး ထားသော ဖခင်တစ်ယောက်။ မိသားစု စုံညီသည့် ထမင်းဝိုင်းလို နေရာမျိုး တွင်မှ သားသမီးတို့အပေါ် သာသာအေးအေး ဆုံးမစကားဆိုတတ်သော ဖခင်တစ်ယောက်။

သားသမီးများကို အသိပညာ ဗဟုသုတ တိုးစေရန် စာဖတ်ကျင့်ကို ခွင့်ပြုပျိုးထောင်ပေးရင်း တစ်နေရာမှ တစ်နေရာ အပြောင်းအရွှေ့များတွင် သူပိုင်ဆိုင်သောစာအုပ်များကို အမြတ်တနိုးနှင့် ချစ်မက်စွာ သယ်ယူလေ့ ရှိသော အဖေတစ်ယောက်အကြောင်း အက်ဆေး။ "အမွေ"။

ရေးသည့် စာရေးဆရာက ဆရာ ညီမင်းညိုပင်။ ထိုအက်ဆေးကို ဖတ်ပြီးသည့်အချိန်မှစ၍ ကျွန်တော်သည်လည်း ကျန်းမာသန်မာလျက်ရှိသော အဖေ မရှိတော့ရင် ဘာကို အမွေအဖြစ် ယူရရင်ကောင်းမလဲဟု ကပ်သီးကပ် သပ် တွေးမိသည်အထိ ဖြစ်ဖူးခဲ့သည်။

အဖေပိုင်သော ထွန်၊ ထယ် စသည့် လယ်သမား အသုံးအဆောင်များ ကလည်း ကျွန်တော်နှင့်မကိုက်။ ဘာယူရမလဲ ဘာယူရမလဲနှင့် တွေးကာ ယူပြီးရင်လည်း စာတစ်ပုဒ်လောက် ဖွဲ့ကြည့်ချင်လိုက်တာဟု မကြံကောင်း မစည်ကောင်းကို ကြံစည်ခဲ့ဖူးသည်။

အဲဒီလောက်တောင်ပဲလားကွာဟု မေးလာရင်တော့ အဲဒီထက် ပိုပါသည် ဟု ကျွန်တော် ဆိုချင်ပါသည်။ "အမွေ" ဟု အက်ဆေးခေါင်းစဉ်ကို

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာက ပေးထားသော စားပွဲလေးတစ်လုံးကို အကြောင်းပြုသော ထိုမိသားစု အက်ဆေးလေးမှာလည်း ဆရာ၏ တည်ငြိမ်သော လက်ရာများထဲမှာ ကျွန်တော့်ရင်ထဲ ယနေ့တိုင်စွဲထင်နေသော လက်ရာမွန်တစ်ခု ဖြစ်နေခဲ့၊ ဖြစ်နေဆဲ ဖြစ်ပါသည်။

❑

"ဗလာ" ဝတ္ထု။ နာမည်ကြားစက ဘာတွေများ "ဗလာ" တာလဲ ဟု မျက်မှောင်ကျုံ့မိသေးသည်။ ဖတ်ကြည့်တော့ ဖတ်ရင်း ဖတ်ရင်းပြီးမှာ ကြောက်လာမိ၏။ ဝတ္ထုကို စဖွင့်လိုက်ကတည်းက အထေ့လေးနှင့်ဖြစ်သည်။

ဝတ္ထုက အတိုဆိုမှ တကယ့်အတိုကလေးသာ ဖြစ်သည်။ သို့သော် ဝါးလုံးတစ်လုံးကဲ့သို့ ဟိုဒီယိမ်းနေပြီး ပြောလိုသော အကြောင်းအရာ မယ်မယ် ရရ မရှိသော ဝတ္ထုများထက် တစ်ချက်ပေါက်ကွဲလိုက်လျှင် အသက်တစ်ချောင်း ပါသွားနိုင်သော ကျည်ဆန်နှင့်တူသော ခပ်တိုတိုဝတ္ထုများကို ကျွန်တော် ပို၍ သဘောကျမိသည်။

ဆရာ ညီမင်းညို၏ ထိုဝတ္ထုက ကျွန်တော် သဘောကျသည့် ကျည်ဆန်နှင့်တူသော ဝတ္ထုတိုမျိုး။ ဖူးငုံဆယ်ကျော်သက်မဂ္ဂဇင်းတွင် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလက ပါခဲ့သည့်ဝတ္ထု။ ထိုဝတ္ထုတိုကပဲ စိတ်ကူးချိုချိုစာအုပ်တိုက်မှ စီစဉ်ထုတ်ဝေသည့် ၂၀၁၂ ခုနှစ် မြန်မာဝတ္ထုတိုများတွင် ထပ်ဆင့်ပါဝင်လာခဲ့သည်အထိ အောင်မြင်မှုရခဲ့သည်။

ဝတ္ထုက ဇာတ်လမ်းကောင်း။ ဇာတ်အိမ် ခိုင်ခြင်း မခိုင်ခြင်း စသော အကြောင်းအရာများထက် ယနေ့ခေတ် လူ့အဖွဲ့အစည်းအတွင်း ဖြစ်ပျက်ကွဲလွဲနေသော အချက်အလက်များကို တစ်ပိုဒ် တစ်ပိုဒ်လျှင်(အချို့နှစ်ပိုဒ်) ဇာတ်ကောင်တစ်ဦးစီသာ ပါဝင်သော ကျစ်လျစ်ထိရှသည့် အရေးအသား အသော့အထေ့များဖြင့် ရေးသားထားသော ရှားပါးသည့် သရော်သံ ထေ့သံ သော့သံတို့ဖြင့် ခေတ်ကို ပြက်ပြက်ထင်ထင် မီးမောင်းထိုးပြသောအခန်း ငါးခန်းပါသော ဝတ္ထုတိုလေးဖြစ်သည်။

ထိုလက်ရာသည် ယနေ့အချိန်အထိ ဆရာညီမင်းညို၏ လက်ရာမွန်များထဲမှ ကျွန်တော်တစ်ယောက်တည်း၏ ရင်ထဲ ဆိုက်ဆိုက်မြိုက်မြိုက်

mgyoe.com

mgyoe.com SAMPLE BOOK

ရောက်သော လက်ရာမွန်တစ်ခုပဲ ဖြစ်ပါသည်။

နောက်ပိုင်း ဆရာဖန်တီးသော အနုပညာလက်ရာများကို ကျွန်တော် တွေ့ရသော်လည်း အရင်လက်ရာများကဲ့သို့ ကျွန်တော့်ရင်ကို မထိ။ ဝတ္ထုအနေဖြင့် ပြောရလျှင် "သူတောင်းစား" ဝတ္ထု။ "ထောက်ရှူးပုံပြင်" စသဖြင့်။ အချို့သည် ဆောင်းပါးဆန်၍ အချို့သည် ဖန်တီးမှုထက် သတင်းပေးလိုသော သုတဘက်သို့ ယိမ်းနေသည်ဟု ကျွန်တော် ယူဆသည်။ (ကျွန်တော့်အမြင်သာ ဖြစ်ပါသည်)။

နောက်ပိုင်း ဆရာ၏လုံးချင်းစာအုပ်များ ဟောတစ်အုပ် ဟောတစ်အုပ် ထွက်လာသည်ကို ကျွန်တော် ဝမ်းသာအားရ ဝယ်ယူစုဆောင်းခဲ့ရုံမက အခြားသော ဆရာ့၏ပရိတ်သတ်များကိုလည်း တကူးတက လက်ဆောင်ပေးဖြစ်ခဲ့ပါသည်။

ဆရာ့ပရိတ်သတ် မည်မျှခိုင်သနည်းဟုဆိုလျှင် အချို့ဆို ဆရာ့ဟောပြောပွဲခွေ တစ်ခွေလုံးကို အတိအကျ ပြန်ပြောနိုင်သည်အထိ ကျွန်တော် တွေ့ဖူးပါသည်။ ထိုသူမျိုးကိုလည်း ကျွန်တော်က ဆရာ့စာအုပ်လက်ဆောင် ပေးခဲ့ဖူးသည်။ အနုပညာတန်းလျား။ လက်နက်ကိုင်ပြီး အရသာခံတတ်တဲ့ လူတွေ ကမ္ဘာပေါ်မှာ နည်းနိုင်သမျှ နည်းပါစေ။ "ဘဂ္ဂဒက်" ။ "အရှူး" အက်ဆေး။ စသဖြင့်။

ဆရာတင်သော FB သတင်းများအရလည်း ထုတ်သမျှစာအုပ်တိုင်း အကြိမ်ကြိမ် ပြန်ရိုက်နေရသည်ချည်း။

လူချင်းမသိသော ဆရာ့အတွက် (အပြင်မှာ တစ်ကြိမ် ဖုန်းပြောဖူးပါသည်)။ ဝမ်းသာပီတိဖြစ်ရသည်မှာလည်း အကြိမ်ကြိမ်။ ကျွန်တော့်ရင်ကို ထိအောင် မှန်အောင် စွမ်းဆောင်နိုင်ခဲ့သော စာမူများစွာ အနုပညာများစွာကို ဖန်တီးခဲ့သော ဆရာသည် ကျွန်တော်တို့နှစ်သက်သော စာအုပ်များထဲမှ တဆင့် ဟောပြောပွဲစင်မြင့်ပေါ်သို့ တစတစ ရောက်ရှိသွားပုံမှာ ကြည့်ရင်း ကြည့်ရင်း ရင်ခုန်ရသည်။ ကြားရင်းကြားရင်း ဝမ်းသာရသည်။ တွေးရင်း တွေးရင်း ကျေနပ်ရပါသည်။ သို့သော်. . . ။

❑

mgyoe.com

mgyoe.com
SAMPLE BOOK

ပြီးခဲ့သည့် သကြန်ပြီး နှစ်ဆန်းတစ်ရက်နေ့ညက ကျွန်တော်တို့ အညာရွာကလေးတွင် ပထမအကြိမ် စာပေဟောပြောပွဲလေးတစ်ခု ကျင်းပဖို့ ကျွန်တော်တို့ ကြိုးစားခဲ့ကြပါသည်။ ၆ လလောက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြရသည်။ အလှူငွေ ကောက်တာကအစ စာရေးဆရာ ဖိတ်ဖို့အထိ စလယ်ဆုံး စာပေပိုးပါသည့် ကျွန်တော့်တာဝန်သာ ဖြစ်နေသည်။ ခက်နေသည်က ကျွန်တော်က ပြည်ပမှာ။

တကယ့်ကို အချိန်ရှားသည့် တိုင်းပြည်မှာ။ အချိန်ကို လုပြီးတာဝန်ကျရာကို ကျေပွန်အောင် ထမ်းဆောင်ရသည်။ ကိစ္စအားလုံးတွင် ခေါင်းအစားရဆုံးမှာ စာရေးဆရာ ရွေးချယ်ရေးကိစ္စဖြစ်သည်။

ကျွန်တော်က ဒီကိစ္စမှာ ရွာကလူတွေကို ဦးစားပေးချင်သဖြင့် ရွာကတက်လာသည့် စာရေးဆရာ စာရင်းကို ဖိတ်ပေးမည်ဟုဆိုကာ သူတို့ထံမှ စာရင်းတောင်းလိုက်သည်။ ရွာကအဖွဲ့က သိပ်မစဉ်းစားကြ။ ဆရာညီမင်းညို ဟုဆိုကာ ချက်ချင်းအကြောင်း ပြန်သည်။

တောင်ကြီးရောက်နေသည့် လူငယ်အဖွဲ့ကတော့ အစ်ကို့စိတ်ကြိုက် စီစဉ်ပါဟု ဆိုသည်။ သို့နှင့် စာရေးဆရာ သုံးယောက်ဖိတ်ဖို့ စီစဉ်လိုက်ကြသည်။ ကျွန်တော်ရွေးချယ်သည်က ဒီလို။

စာရေးဆရာ ဖြစ်စေ၊ စာရေးဆရာမ ဖြစ်စေ ရွာကအဆင်မပြေမှု တစ်ခုခုနှင့်ကြုံလျှင် နားလည်ပေးနိုင်သူမျိုး။ ခရီးကဝေး ဒေသကခေါင်သဖြင့် ခရီးလမ်းပန်း အပင်ပန်းခံနိုင်သူမျိုး စသဖြင့် တော်တော်များများ စဉ်းစားတိုင်ပင်ပြီး ရွာက အလေးထားသည့် ဆရာ ညီမင်းညိုရယ် တောင်ကြီးရောက် ရွာသူရွာသားတွေ အလေးထားသည့် ဆရာမောင်နှင်းပန်းရယ်။ ကျွန်တော်ကိုယ်၌က လိုလိုချင်ချင်ရှိသည့် ဆရာမ ခင်သန္တာရယ် ဖိတ်ဖို့ ဆုံးဖြတ်လိုက်ကြသည်။

အဲဒီမှာ ကျန်ဆရာ ဆရာမတို့က အဆင်ပြေသော်လည်း ဆရာညီမင်းညိုက အခြားကိစ္စတစ်ခုနှင့် တိုက်နေ၍ အဆင်မပြေပေ။ ဒါကိုရွာက လူတွေကမသိ။ သူတို့လိုချင်တာ ကလေးငယ်များ ပူဆာသလို ပူဆာကြတော့သည်။ ကျွန်တော်နှင့်ဆရာကလည်း လူချင်းမသိသည့်အပြင် စကားလေး

mgyoe.com

mgyboe.com

တောင် တစ်ခါသာ ပြောဖူးသည်။

ကျန်တဲ့ကိစ္စတွေ ဖျက်ပြီး ကျွန်တော့်ရွာ လာဟောပေးဗျာ ပြောရအောင်လည်း ဘယ်လိုမှ မဖြစ်နိုင်ပေ။

နောက်ဆုံး တောင်ကြီးရောက်နေသော သူဌေးစာရင်းဝင်တစ်ယောက်က မင်းတို့အဖွဲ့ တော်တော်ညံ့တယ်။ ဆရာ ညီမင်းညို ရအောင်ဖိတ်နိုင်ရင် ငါ အလှူငွေဘယ်လောက်ထည့်မည်ဟုပင် ကိန်းဂဏန်းတစ်ခုကို ပြောဆို စိန်ခေါ်သလိုလို သတင်းလွှင့်လာသည်။

ကျွန်တော်က ကိစ္စမရှိ။ အနားနီးသော ကလေးတွေက အသင်းကို ထိလာသဖြင့် မခံချင်ကြ။ ထိုအချိန်တွင် သူရဲကောင်းတစ်ယောက် ပေါ်လာသည်။ ဆရာ ညီမင်းညိုကို သူဖိတ်ပေးရမလား။ သူဖိတ်ရင် ရတယ်ဟု အမျိုးသမီးတစ်ယောက်က ဆိုလာသည်ဟု သတင်းရသည်။

သတင်းကြားပြီး ကျွန်တော် စိတ်မကောင်း။ ထိုအမျိုးသမီးက တစ်ချိန်က ဆရာ့တပည့်မတစ်ယောက်ဟု ဆိုသည်။ စာရေးဆရာတစ်ယောက်၏ တကယ့်အတွင်းစိတ်ကို မသိသဖြင့်သာ ထိုစကားကို ပြောခြင်းဖြစ်တန်ရာသည်ဟုဆိုကာ ကျွန်တော် ခေါင်းညိတ်လိုက်သည်။ ဖိတ်ပေးပါ ခင်ဗျာ ဟု။

တစ်ခါ ငြင်းထားသော ဆရာ့စကားသည် သူ့တပည့်မဖြစ်ရုံနှင့်မျှ ပြင်လာစရာ မရှိတာကို ကျွန်တော်က သိထားပြီး ဖြစ်သည်။ တစ်ဖက်က ကြည့်တော့လည်း ဆရာ့အနေဖြင့် ကျွန်တော်က တဖက်လှည့်နဲ့ သွေးတိုးစမ်းတာလားဟု ထင်စရာရှိသည်။ သို့သော် ကိစ္စမရှိ။ ဆရာသည် ထိုသို့ ထင်လိမ့်မည် မဟုတ်ကြောင်း ကျွန်တော် ယုံကြည်ထားခဲ့ပြီး ဖြစ်သည်။

အဖြေရတော့ ထပ်တူပါပဲ။ ဆရာက မအား ။ ထိုအခါမှ ထိုကိစ္စပြီးသွားတော့သည်။ ရွာက လူတွေကသာ ပြီးခြင်းဖြစ်သည်။ ကျွန်တော်က မပြီး။ ရွာက လူတွေ ဆရာညီမင်းညိုအပေါ် စိတ်ဝင်စားမှု ဘာ့ကြောင့် ဘယ်လောက်များသလဲ ဟု ဖုန်းတစ်လုံးဖြင့် စစ်တမ်း ပြုစုမိတော့သည်။ ရွာကလူတွေ ဆရာညီမင်းညိုကို စသိကြတာ စာပေဟောပြောပွဲ အခွေများတွင်ဖြစ်သည်။ ထိုအထဲကမှ ရွေးကောက်ပွဲ မတိုင်မီကာလများတွင် ပို၍ အားပေး သဘောကျ နှစ်ခြိုက်လာကြခြင်းဖြစ်သည်။ အိမ်ခြေ ၁၃၀ လောက်

mgyboe.com

mgyoe.com
SAMPLE BOOK

ရှိသော ရွာတွင် အပေါ်စက် အောက်စက် ၁၀ လုံးပြည့်အောင် မရှိသော ရွာကလေးမှာ ဆရာ့ဟာသပြောပွဲခွေများက နေရာအပြည့်အဝ ရထားကြသည်။

ရွာမှ မြို့သို့ပြေးဆွဲသော ကုန်တင်ကားပေါ်တွင် ဆရာ့ဟာသပြောပွဲခွေကို ဖွင့်ကြသည်။ လသာသော ညများတွင် အရင့်အရင်ကာလများက "ကိုသိန်းတန်၊ ကိုသိန်းတန် စိုးသဘော်ပေါ်တက်ခဲ့မယ်" ဆိုသော ပြဇာတ်များဖြင့် လှုပခဲ့သော ကျွန်တော့်ရွာကလေး၏ ညများမှာ ဆရာညီမင်းညို၏ တက်ကြွသော စိတ်ရင်းစေတနာ ထက်သန်သော ဟာသပြောမှုများအောက်တွင် ဗဟုသုတ ပြည့်ဝသော ညများအဖြစ် အသွင်ပြောင်း တိုးတက်လာခဲ့ကြသည်။

၂၀၁၅ အပြောင်းအလဲ ကာလတစ်ခုလုံးကို ဖန်တီးပစ်ဖို့ဆရာညီမင်းညို ဟူသော စာရေးဆရာတစ်ယောက်က နိုင်ငံအနှံ့ အားကောင်းမောင်းသန် ဟာသပြောစည်းရုံး အောင်ပွဲခံနိုင်ခဲ့သည်ကြောင့်လည်း တစ်ခုအပါအဝင် ဖြစ်နေတာ သေချာပါသည်။

ကျွန်တော့်ရွာကလေးက ဆရာ့ပရိသတ်များ၏ အသံထဲတွင် စင်မြင့်ထက်မှ စကားလုံးတွေ ပါသည်။ ဆံပင်ရှည်ရှည်ကို စုစည်းထားပြီး အမြဲရယ်ပြုံးနေသော ခင်မင်နှစ်လိုဖွယ် မျက်နှာထားနှင့် ဆရာ့အမူအရာများပါဝင်သည်။

နောက်နောင် အကြောင်းအမျိုးမျိုးကြောင့် စာပေဟာသပြောပွဲများကျင်းပနိုင်ဖြစ်ခဲ့လျှင် ဆရာညီမင်းညိုကို ကြိုတင်ဖိတ်ကြားထားပြီး အလွဲအချော်မရှိ ဟာသပြောပွဲ စင်ပေါ်ရောက်ရှိအောင် စီစဉ်ပေးဖို့ ယခုကတည်းက ကျွန်တော့်အား ပူဆာနေကြသည်။

ကျွန်တော် ခေါင်းမညိတ်နိုင်ပါပြီ။ ဆရာ့ဟာသပြောမှုကို ကျွန်တော်ကိုယ်၌လည်း နဖူးတွေ့ဒူးတွေ့ နားထောင်ချင်ပါသည်။ သို့သော် ထို့ထက်ပို၍ကြီးသော ရည်ရွယ်ချက်လည်း ကျွန်တော့်မှာရှိပါသည်။

"ဗလာ" ဝတ္ထုလိုမျိုး။ "အမွေ" အက်ဆေးလိုမျိုး။ "ဂြိုလ်ဆိုး" ဝတ္ထုလိုမျိုး၊ "ရှင့်နေရာမှာ ကျွန်မသာဆို ဒီလိုနေရာမှာ ရှင်နဲ့ကျွန်မ ဘယ်နည်းနဲ့မှ တွေ့စရာအကြောင်း မရှိဘူး" ကဗျာလိုမျိုး ကျွန်တော့်ရင်ကို ထိရောက်စွာ

mgyoe.com

mgyoe.com
SAMPLE BOOK

ကိုင်လှုပ်ခဲ့သော ရသ အနုပညာများကို ဖန်တီးခဲ့သော ဆရာ့ကို ပျောပြောပွဲ စင်မြင့်ဆီကနေ စာမျက်နှာများဆီသို့ ပြန်ခေါ် ချင်မိနေသည်မှာ ကျွန်တော့် အကြီးမားဆုံးဆန္ဒ ဖြစ်ပါသည်။

ဆရာသည် ခေတ်ကြီးအတွက် တာဝန်ကျေခဲ့ပြီး ဖြစ်ပါသည်။

ဆရာရေ ပြန်ခဲ့ပါတော့။

*အလင်းတန်း ဂျာနယ်*
*ဇွန်လ၊ ၂၀၁၆ ခုနှစ်။*

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# ရင်ဘတ်ကိုမှန် ပြန်ကန်ထွက်လာတဲ့ အရေးအသား

"စိန်ကဲ ရွှေကဲ ဤနှစ်ကဲထက် မိန်းမကဲခတ် လွန်ကဲခက်၏" ဆိုတဲ့ စကားပုံလေးကိုတော့ လူတိုင်းကြားဖူးကြမှာပါ။ အခု "ရင်ဘတ်ကိုမှန် ပြန်ကန်ထွက်လာတဲ့ အရေးအသား" ဆိုတဲ့ ကဗျာနဲ့ပတ်သက်တဲ့ ဆောင်းပါးတစ်ပုဒ်ကို ရေးဖို့ တာဝန်တစ်ခုဖြစ်လာတော့ အဲဒီစကားပုံကို ပြောင်းချင်လာတယ်။

"စိန်ကဲ ရွှေကဲ ဤနှစ်ကဲထက် ကဗျာကဲခတ် လွန်ကဲခက်၏" လို့။ တကယ်ပါ။ ကဗျာဆိုတာ ကောင်းကင်က ကြယ်တွေကို ရေတွက်ရသလိုမျိုး လေ့လာရင်း၊ ရေတွက်ရင်း ရင်သပ်ရှုမော မောလျလာခဲ့တဲ့အရာပါ။ အဆုံးအစမရှိတဲ့ မိုးကုတ်စက်ဝိုင်းကြီးကိုငေးပြီး တမေ့တမော တွေးတောရသလို ကဗျာဆိုတာလည်း တွေးရင်တွေးသလောက် နက်ရှိုင်းလှတဲ့ အနုပညာပစ္စည်းတစ်မျိုးပါ။

၁၉၂၀ ဆရာကြီး သခင်ကိုယ်တော်မှိုင်းကနေ ၁၉၃၀ ခေတ်စမ်းစာပေ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့ကတဆင့် ၁၉၇၀ ဆရာကြီး ဒဂုန်တာရာရဲ့စာပေသစ်၊ ပြီးတော့ ၁၉၇၀ မိုးဝေကဗျာခေတ် ဆရာအောင်ချိမ့်၊ မောင်ချောနွယ်၊ သုခမိန်လှိုင် စသဖြင့်. . . ။ ကဗျာရေစီးကြောင်းကြီး တဟုန်ထိုး စီးဆင်းလာခဲ့တာဟာ ဒီနေ့ ဆရာသစ္စာနီ၊ ဆရာမင်းထက်မောင်၊ ခရမ်းပြာ

mgyoe.com

mgyoe.com SAMPLE BOOK

ထက်လူ၊ မိုယ်းဇော်စသဖြင့်. . .။

ဂန္ထဝင်၊ မော်ဒန်၊ ပို့စ်မော်ဒန်၊ နီယို၊ L.p ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ကဗျာတွေ ရေးလာလိုက်ကြတာ လမ်းဟောင်းကနေ လမ်းသစ်၊ လမ်းသစ်ကနေ အဆန်းတီထွင်မှု။ အရင့်အရင်က ကဗျာဆိုတာ ခံစားမှုသက်သက်နဲ့ ရေးဖွဲ့ထားတဲ့အရာလို့ ထင်ခဲ့ပေမယ့် ထဲထဲဝင်ဝင် လေ့လာနေမိတော့မှ ကဗျာစီးဆင်းမှုက အတတ်ပညာရော၊ အသိပညာရော၊ ခံစားမှုရောဆိုပြီး ဒီကနေ့ရင်လေးထောင့်စပ်စပ် ကဗျာတွေတောင် စာမျက်နှာပေါ်မှာ အခိုင်အမာနေရာရလာကြပါပြီ။

ဘယ်လိုပဲဖြစ်ဖြစ် ကဗျာဟာ လူသားတို့ရဲ့ သမိုင်းနဲ့အပြိုင် မရပ်မနား စီးဆင်းရှင်သန်လာခဲ့ပြီ။ စာပေလောကမှာ ရသ၊ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ စသဖြင့် ရေးနည်းပုံသဏ္ဍာန် အဖွဲ့အနွဲ့တွေ မျိုးစုံအောင်ရှိတဲ့ အထဲကမှ ကဗျာဟာ အလှူပ်ခတ်ဆုံးလှိုင်း၊ အငြင်းပွားစရာ အဖြစ်ဆုံး စာပေရေစီးကြောင်း တစ်ခု။ ခေါင်းစဉ်အမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ဝေဖန်တိုက်ခိုက်ခံရမှု အများဆုံး စာပေအမျိုးအစားဟာ ကဗျာဖြစ်ခဲ့ပြီ။

ဒီနေ့ မြန်မာပြည်ထုတ် နာမည်ရ စာစောင်တွေ၊ မဂ္ဂဇင်းတွေမှာ တကယ့် ကဝိပညာရှိကြီးများက လေ့လာမှုတွေ၊ ဉာဏ်သုံးသပ်မှုတွေ၊ ကဗျာစကားဝိုင်းတွေအပြင် ကမ္ဘာနဲ့ချီတဲ့ မတ်လ နှစ်ဆယ့်တစ်ရက်၊ ကမ္ဘာ့ကဗျာနေ့ အထိမ်းအမှတ် အခမ်းအနားတွေကို အောင်အောင်မြင်မြင် သိုက်သိုက်ဝန်းဝန်း ကျင်းပနေကြပြီ။

ကဗျာချစ်သူတစ်ယောက်အနေနဲ့ ကဗျာကို ဘယ်လိုရေးသင့်တယ်၊ ရေးရမယ်ဆို အနည်းငယ် တီးမိခေါက်မိရှိပေမယ့် ပညာရှင်ဆန်စွာ ကဗျာသဘောတရားကို ပြောပြ ရေးသားရမယ်ဆိုတော့ လက်နက်ကြီး လက်နက်ငယ်တွေနဲ့ ပစ်ခတ်နေကြတဲ့ စစ်မြေပြင်ကြား ရောယောင်ခတ် ပြေးလွှားနေရတဲ့ ဇနပုဒ်သားတစ်ယောက်လို ခံစားခဲ့ရတာပါ။

အဲဒါကြောင့် ဒီကဗျာနဲ့ဆိုင်တဲ့ သဘောထားဆောင်းပါးကို "ရင်ဘတ်ကိုမှန် ပြန်ကန်ထွက်လာတဲ့ အရေးအသား" လို့ ခေါင်းစီး ပေးခဲ့ရတာပါ။ ဆောင်းပါးတိုင်းရဲ့ နိဂုံးမှာ ကျွန်တော့်ရင်ကို မှန်ခဲ့ဖူးတဲ့၊ ဒီနေ့တိုင် စိုက်နိုင်

mgyoe.com

mgyoe.com
SAMPLE BOOK

နေသေးတဲ့ ဆရာများရဲ့ ကဗျာများနဲ့ မိတ်ဆက်ပေးသွားမှာပါ။ ကလောင်ရင့်ကြသူများအဖို့ အတိတ်ကို ပြန်ဆွဲခေါ် ခံရသလိုမျိုး ဖြစ်သွားနိုင်ပေမယ့် ဒီနေ့ လေ့လာနေတဲ့ ကဗျာချစ်သူ လူမမယ်တို့အဖို့တော့ တစ်စုံတစ်ရာသော အကျိုးကျေးဇူး ခံစားကြရမှာပါ။

❑

"ခေတ်ပေါ်ကဗျာ ဆိုတာဟာ ကျွန်တော်တို့ခေတ်မှာ သက်ရှိထင်ရှားရှိပြီး ကဗျာတွေကို လောလောဆယ်ရေးနေတဲ့ ကဗျာဆရာကို ဆိုလိုတာလည်း မဟုတ်ဘူး။ (ခေတ်ပေါ်ကဗျာဆရာ မဟုတ်တဲ့ ခေတ်ပြိုင်ကဗျာဆရာတွေ အမြောက်အများ ရှိကြတယ်။) ခေတ်ပေါ်ကဗျာသစ်ကို ရေးတယ်။ သူ့ကဗျာဟာ အဟောင်းနဲ့ ကွဲပြားတယ်၊ အစဉ်အလာနဲ့ ခြားနားတယ်။ ကျွန်တော်တို့ မျှော်လင့်ထားတာနဲ့ ကွဲပြားတယ်။ သူ့ကဗျာဟာ အသစ်ဖြစ်တယ်။ ခေတ်ပေါ် ကဗျာလို့ပြောတဲ့နေရာမှာ ကျွန်တော်ဟာ ဒီအဓိပ္ပာယ်နဲ့ ပြောခြင်းဖြစ်တယ်။

အမေရိကန် "ကဗျာ" မဂ္ဂဇင်းတစ်စောင်က ဂျေ၊ ဗွီ၊ ကန်နင်ဟန်ရဲ့ ဆောင်းပါးကို ကိုးကားပြီး မိုးဝေမဂ္ဂဇင်း(၁၉၇၈)မှာ ရေးသားခဲ့တဲ့ ဆရာမြသန်းတင့်ရဲ့ ခေတ်ပေါ်ကဗျာနဲ့ပတ်သက်တဲ့ အယူအဆပါ။

၁၉၆၈-၆၉ ဆရာမင်းသုဝဏ်ရဲ့ သပြေညိုနေအိမ်ကဗျာ WorkShop ကနေ ထွက်ပေါ်လာတဲ့ ဆရာ မြဇင်ရဲ့ "ခေတ်ပေါ်ကဗျာစာတမ်း" (ငွေတာရီ၊ ဇန်နဝါရီ၊ ၁၉၆၉) မှာ-

"ခေတ်ကို ကိုယ်စားပြုသော ခေတ်ပေါ်ကဗျာသည် ခေတ်၏အာရုံခံစားမှုတွင် အခြေပြုရမည်။ . . . ခေတ်ပေါ်ခံစားပုံကို အခြေပြု၍ ခေတ်ပေါ် ခံစားပုံကို ဖော်ကျူးမှသာလျှင် ခေတ်ကို ကိုယ်စားပြုသော ခေတ်ပေါ် ကဗျာ ဖြစ်ပေမည်" လို့ ရေးခဲ့ဖူးပါတယ်။

ခေတ်ပါ်ကဗျာနဲ့ ခေတ်ပြိုင်ကဗျာရဲ့ အဓိပ္ပာယ်ကိုလည်း ဆရာမြသန်းတင့်က ဒီလို ပြောခဲ့ဖူးတယ်။ "ခေတ်ပေါ်ကဗျာ" လို့ ဘာကြောင့် သုံးရသလဲဆိုတော့ "ခေတ်ပြိုင်ကဗျာ" ဆိုတာနဲ့ ရောထွေးသွားမှာစိုးလို့ပါ။ ခေတ်ပေါ်ကဗျာ(ခေတ်ပေါ်ကဗျာဆရာ)နဲ့ ခေတ်ပြိုင်ကဗျာ (ခေတ်ပြိုင်

mgyoe.com

mgyoe.com SAMPLE BOOK

ကဗျာဆရာ) မတူကွဲပြား ခြားနားတယ်ဆိုတာ ပေါ်လွင်ဖို့ ခေတ်ပေါ်ကဗျာလို့ သုံးရတာပါ။ ဒါကြောင့် ခေတ်ပေါ်ကဗျာပါ" တဲ့။

ဒီကနေ့ခေတ်ဟာ ထပ်ပြောစရာ မလိုတော့လောက်အောင် ဂလိုဘယ်လိုက်ဇေးရှင်း ခေတ်ကြီးပါ။ ကမ္ဘာအရပ်ရပ်က သတင်းတွေကို တစ်ထိုင်တည်းဖတ်လို့ ရပြီ။ ကမ္ဘာအရပ်ရပ်က နိုင်ငံရေးကို တစ်ထိုင်တည်း သုံးသပ်ဆွေးနွေး စောင့်ကြည့်လို့ရပြီ။ ကမ္ဘာအရပ်ရပ်က စာပေဆိုင်ရာ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ စသဖြင့် ချက်ချင်းဖတ်ရှု ခံစားလို့ရပြီ။ ဒီတော့ ကမ္ဘာအရပ်ရပ်နဲ့ ယှဉ်ပြီး လေ့လာယှဉ်တွဲ ကြိုးပမ်းအားထုတ်လို့ ရပြီ။ ကဗျာရေးသူတစ်ယောက် အနေနဲ့ ချက်ချင်းလက်ငင်း တန်းဝင်သွားရမယ် ဆိုတာမျိုးတော့ လုံးဝ မဖြစ်နိုင်ပါဘူး။ ဖြစ်သွားခဲ့ရင်လည်း ဒါဟာ ပါရမီရှင် ထူးခြားဖြစ်စဉ်ပဲ ဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့ရှေ့က ကဗျာ့ကဝိကြီး တစ်ဆူဖြစ်တဲ့ ဆရာအောင်ဝေး လိုလူတောင်မှ ကဗျာတစ်ပုဒ်ကြောင့် လူစင်စစ်ကနေ အာလူးအိတ်တစ်အိတ် ဖြစ်သွားခဲ့ဖူးတယ်လို့ ကိုယ်တိုင်ဖွင့်ဟ ရေးသားခဲ့ဖူးပါတယ်။

ဒိုင်ယာရီ

*မနက်ခင်း၊ ပန်းဆိုးတန်း ဟောလီးဝုဒ်၊ ဖော်စတာသောက်ရင်း*
*ပိုင်သနဲ့ ဂျမ်းရင်(ထွန်းအိန္ဒြာဗိုလ်) ကိစ္စပြော။*
*နေ့လယ်ဘက်၊ လေထန်ကုန်းမှ၊ လန်ဒန်က လာတဲ့*
*Miss Sora Keene နဲ့တွေ့ဆုံ၊ (မောင်သာချို ပါ)*
*ညနေ၊ မြမြင့်မိုရ်နဲ့ မောရှေလီ၊ မန္တလေး စည်ဘီယာတစ်ခွက် (၅၀)*
*ရောင်းအားမြင့် ကောင်မလေး ချောတယ်။*
*(ရွှက်နဝေ၊ မတ် ၁၉၉၆)*

အထက်ပါ ဆရာအောင်ဝေးရဲ့ "ဒိုင်ယာရီ" ကဗျာကို ဝေဖန်တိုက်ခိုက်သူ ၃၆ ဦးအထိ ရှိခဲ့တယ်လို့ ဆိုပါတယ်။ ဆရာအောင်ဝေးကို စာနာသောအားဖြင့် သပြေမဂ္ဂဇင်း အယ်ဒီတာ ဆရာ မောင်တည်ငြိမ်က "ကိုအောင်ဝေးသာ အာလူးအိတ်တစ်အိတ်ဆိုရင် စိစိညက်ညက် ကြေသွားလောက်ပြီ" လို့ ပြောဖူးပါတယ်တဲ့။ ဒါပေမယ့် ရှားရှားပါးပါး အဲဒီဒိုင်ယာရီကဗျာကို ထောက်ခံသူတစ်ဦး ရှိတယ်လို့လည်း ဆရာအောင်ဝေးက ဆိုပါတယ်။ အဲဒီဒိုင်ယာရီ

mgyoe.com

mgyoe.com SAMPLE BOOK

ကဗျာနဲ့ပတ်သက်ပြီး ဝေဖန်တိုက်ခိုက်သူတွေများခဲ့ခြင်းဟာ သူ့ရဲ့တီထွင်ဖန်တီး ဆန်းသစ်ချင်တဲ့စိတ်၊ တနည်း အနုပညာဉာဉ်ကြောင့်လို့ ဆရာအောင်ဝေးက ရေးထားပါတယ်။

ဒီနေရာမှာ ကဗျာချစ်သူ ကဗျာရေးသူတစ်ယောက်အနေနဲ့ ကျွန်တော် ဆိုလိုချင်တာက ကဗျာရေးသားတော့မယ်ဆိုတာနဲ့ ပထမဆုံး ကဗျာဖတ်ခြင်း အလုပ်ကို စတင် လုပ်ဆောင်ရပါမယ်။ စာစောင်မှာဖြစ်ဖြစ်၊ မဂ္ဂဇင်းဖြစ်ဖြစ် ရသမျှ ရှာကြံပြီး ဖတ်ရပါမယ်။ ငွေရေးကြေးရေးလည်း အဆင်ပြေမယ်၊ ဝယ်လို့လည်း ရမယ်ဆိုရင်တော့ ကဗျာဆရာတစ်ဦးချင်းစီရဲ့ ကဗျာပေါင်းချုပ်တွေ၊ ကဗျာသဘောတရား ဆွေးနွေးချက်တွေ မဖြစ်မနေ ရှာဝယ် ဖတ်ရပါမယ်။ ဘယ်ကဗျာဆရာရဲ့ ကဗျာတစ်ပုဒ်တလေမှ မဖတ်ဖူးပဲ ကိုယ်ထင်ရာ ကိုယ်ရေးနေမယ်ဆိုရင်တော့ ဝမ်းစာရှားပါးမှု၊ အတတ်ပညာ မလုံလောက်မှု တွေနဲ့ ကြုံပြီး ဂျာအေး သူ့အမေရိုက်တဲ့ ကဗျာတွေပဲ ထွက်လာစရာ အကြောင်း ရှိပါတယ်။

ဒီကနေ့ လူငယ်တစ်ရာမှာ သုံးဆယ်လောက်က ကဗျာရေးနေကြပါပြီ။ ရေးဖို့ ကြိုးစားနေကြပြီ။ ကဗျာရေးတဲ့အလုပ်ကို လွယ်လွယ်လေးပါကွာလို့ ထင်နေကြပြီ။ အဆိုတော်၊ ရုပ်ရှင်နဲ့ ဗီဒီယိုသရုပ်ဆောင် စတဲ့ အခြားသော အနုပညာတွေက ငွေကြေးတတ်နိုင်ရုံနဲ့ စင်ပေါ် ရောက်ဖို့ အလားအလာ ရှိပေမယ့် စာပေအနုပညာမှာတော့ လေ့လာသင်ယူမှုကို ရမယ့်အရာပါ။

၂၀၁၁၊ ၁၂ လပိုင်းက မလေးရှားနိုင်ငံမှ ကျင်းပခဲ့တဲ့ မြန်မာစာပေ ဟောပြောပွဲမှာ အမှတ်မထင် ဘဘဆရာဦးအောင်သင်းရဲ့ ဆုံးမစကားကို သူတည်းခိုရာမှာ မှတ်သားခဲ့ရဖူးပါတယ်။ အတိုချုပ်အနေနဲ့ ပြောရရင် စာရေး ဆရာချင်းအတူတူ ကယောင်ကတမ်းနဲ့ လျှောက်ရေးနေတဲ့ စာရေးဆရာ ထက်စာရင် ပြည်သူလူထုကို အကျိုးပြုတဲ့ စာရေးဆရာဟာ တာရှည်ခံတယ်။ ပြည်သူလူထုကို စေတနာထားတဲ့ စာရေးဆရာဟာ အောင်မြင်တယ်ဆိုတဲ့ သဘောကို ပြောပြသွန်သင်သွားခဲ့ပါတယ်။

နောက်ထပ် ကျွန်တော်ရဲ့ အတွေ့အကြုံလေးတစ်ခု ပြောပြသင့် တယ် ထင်လို့ ပြောပြချင်ပါတယ်။ ပြည်ပနိုင်ငံက စတိုးဆိုင်တစ်ဆိုင်မှာပါ

mgyoe.com

mgyoe.com SAMPLE BOOK

ပဲ။ ကျွန်တော်လိုချင်တဲ့ ကဗျာစာအုပ်တွေ ရလိုရငြား သွားရှာခဲ့ဖူးပါတယ်။ စာပေဝါသနာပါမှန်းသိတဲ့ ကျွန်တော့်ကို အရောင်းစာရေးက စာပေနဲ့ပတ်သက်တဲ့ ကြားဖူးနားဝတွေ ပြောရင်း နောက်ဆုံးသူလည်း ကဗျာဆရာလို့ ထုတ်ဖော် ပြောပြလာပါတယ်။

ဆရာတင်ရမယ့် လူတစ်ယောက်တော့ တွေ့ပြီဆိုတဲ့ အတွေးနဲ့ ကျွန်တော် ခဏပျော်သွားမိပါတယ်။ တကယ်ကို ခဏပါပဲ။ ကျွန်တော်က ပြန်မေးကြည့်မိပါတယ်။ ဘယ်မှာ ရေးတာလဲဆိုတော့ ရွှေအမြုတေမဂ္ဂဇင်းမှာတဲ့။ သူ့ဆိုင်ပေါ် မှာ တင်ထားတဲ့ ရွှေအမြုတေလို မဂ္ဂဇင်းမှာတောင် ကဗျာသုံး၊ မသုံး မသိတဲ့ လူက ကဗျာအကြောင်းပြောတော့ ကျွန်တော်ရယ်မိမှာစိုးတဲ့ အတွက် ဆိုင်ထဲက အမြန်ပြန်ထွက်ခဲ့ရပါတယ်။

ဒီနေရာမှာ ကျွန်တော် ပြောချင်တာကတော့ ပင်လယ်ပြင်ကိုထွက်မယ့်လူဟာ ရာသီဥတု ရေ၊ လေ၊ သဘာဝကို လေ့လာမှတ်သားဖို့ လိုအပ်သလို ကဗျာကို အမှန်တကယ် မြတ်နိုးတယ်၊ ချစ်တယ်၊ တန်ဖိုးထားတယ်ဆိုရင်တော့ ကဗျာနဲ့ပတ်သက်တဲ့ အယူအဆ၊ သဘောထား၊ ကျင့်ကြံအားထုတ်ရမယ့်အပိုင်းတွေကို ပြင်းပြင်းထန်ထန် အားထုတ်ဖို့ လိုအပ်ပါလိမ့်မယ်။

နိဂုံးချုပ်အနေနဲ့ "ရင်ဘတ်ကိုမှန် ပြန်ကန်ထွက်လာတဲ့ အရေးအသား" ဆိုတဲ့ ခေါင်းစဉ်နဲ့အညီ ရင်ဘတ်ကို မှန်ခဲ့ဖူးတဲ့ ဆရာမိုယ်းဇော်ရဲ့ "မိုးတိတ်တေး" ဆိုတဲ့ကဗျာနဲ့ မိတ်ဆက်ပေးခဲ့ပါတယ်။ ကဗျာရေးချင်သူများအတွက် တစ်စိတ်တစ်ဒေသဖြစ်ဖြစ် လေ့လာခွင့်ရသွားခဲ့ရင် ကဗျာချစ်သူတစ်ယောက်အနေနဲ့ အရဲစွန့် ပြောကြားရကျိုးနပ်ပါပြီ။ အဲဒီကဗျာဟာ ခေတ်ကို ဘယ်လောက် ဖွင့်ပြောထားသလဲ။ ပြည်သူကို ဘယ်လောက်စာနာထားသလဲ။ ကြည့်ပါ။ ဖတ်ထားခဲ့ဖူးတာ အတော်ကြာခဲ့ပေမယ့် ဒီကနေ့ထိ ရင်ဘတ်ထဲမှာ စွဲထင် ကျန်ရစ်နေတုန်းပါ။

❑

*မိုးတိတ်တေး*

*အထည်ချုပ်စက်ရုံကြီးထဲက*

*ချည်မွေးညှပ် ကောင်မလေးရေ. . .*

mgyoe.com

mgyoe.com SAMPLE BOOK

မင်းရဲ့ မြွေရေခွံအိတ် အဟောင်းလေးထဲမှာ
လုံခြုံမှုတွေ ကြည့်ကောင်းသေးရဲ့လား
ထဘီတပတ်နွမ်းလေးကိုပဲ
အကြိမ်ကြိမ် အထပ်ထပ် ဆင်မြန်းရှာခဲ့ရ
သမ္မာအာဇီဝဆိုတာ
စကားလုံးအားဖြင့် လှပါရဲ့
ပရိုတိန်းတော့ ကြွယ်ဝလိမ့်မှာ မဟုတ်ဘူး။
နတ်ပြည်ခြောက်ထပ်ရဲ့ အဝေး
စပို့ရှပ်ဒီဇိုင်းတွေရဲ့ အဝေး
ရွှေမြို့တော်ကြီးရဲ့ အဝေးဆီက
ပူဆွေးနေတဲ့ လယ်ကွင်းတွေကို
မင်း ထားခဲ့တယ်၊
တစ်ဘဝလုံး ပက်ကြားအက်နေတဲ့
တောသူတောင်သား မိဘမောင်ဘွားတွေကို
မင်း ထားခဲ့တယ်၊
ထနောင်းပင်၊ ထန်းမြစ်နဲ့
သဲထဲရေသွန် နေ့ရက်တွေကို
မင်း ထားခဲ့တယ်၊
မင်းကတော့. . .
အတောင်အလက် မစုံလင်ဘဲ
တောင်ဒဂုံစက်မှုဇုန်ထဲမှာ
ဒဏ်ရာရ ငှက်ကလေးတစ်ကောင်လို တုန်ယင်လို့
ကြုံလှီဖျော့တော့
မထူးတော့ပါဘူးလေ ဆိုပြီး
ကိုယ့်ဘဝကို အမျှောမခံနဲ့
သံမဏိကြိုးတစ်ချောင်းလို အားတင်းထား
ကွန်ကရစ်တုံးကြီးတွေလို ကြံ့ကြံ့ခံ

mgyoe.com

mgyoe.com
SAMPLE BOOK

လက်ဖြောင့်သမားရဲ့ ကျည်ဆန်လို
ဆုံးဖြတ်ချက်တွေ ဖြောင့်မတ် မှန်ကန်ပါစေ။
ကမ္ဘာကြီးဟာ
အနိဋ္ဌာရုံချည်းပဲ မဟုတ်ဘူး
လတ်ဆတ်တဲ့ သစ်သီးဝလံတွေနဲ့
ပျော်စရာ သီချင်းတွေလည်း ရှိတယ်ကွဲ့
အဲဒီအခါကျ. . .
မင်းဟာ သားကောင်းမိခင်လည်း ဖြစ်ခွင့်ရှိ
အိပ်မက်ကို ပုခက်လွှဲရင်း
လောကကို နို့ချိုတိုက်ကျွေးခွင့်လည်းရှိ
အစစ်အမှန် သာယာပျော်ရွှင် ချမ်းမြေ့ခွင့်လည်းရှိ
အခွင့်အရေးမှန်သမျှ အကုန်ရှိပေရဲ့။
အခုလို
မိုးပြိုချိန်မှာတော့. . .
သရုပ်ပြတင်ဆက်ရင်း မင်း ရယ်မောော
သောကကို
ကကြိုးဆင်ရင်း မင်း ကခုန်
ဆေးရောင်စုံနဲ့ အနာဂတ်ကို
မင်း ယုံကြည်လိုက်ပါ
ရှင်နေမင်းဟာ. . .
ငါတို့ထင်သလို
အဝေးကြီး မဟုတ်ရပါဘူးကွာ။ ။
မိုးယံဇော်

စာပွင့်လွှာ ရသစုံမဂ္ဂဇင်း
အမှတ် (၁)၊ ဇူလိုင်လ။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# ခေတ်ကို ဖိနပ်လုပ်စီးကြသူများ

ခင်ဗျား သိလား. . . ။ လူဆိုတာ မနေ့ကထက် ဒီကနေ့ ပိုသာရမယ်။ ဒီကနေ့ထက် မနက်ဖြန် ပိုသာရမယ် ဆိုတာလေဗျ။ ကျုပ်ဘဝလည်း အဲလိုပဲ။ အဲ. . . ဒါပေမယ့် ပေးတော့ ပေးဆပ်ရတာပေါ့။

ကိုထွန်းကျော်ထက်က သူ့စကားကို ရပ်ပစ်လိုက်ပြီး အဖြူတစ်လိပ်အား ပါးစပ်ထဲ ဟန်ပါပါ ပစ်ထည့်လိုက်သည်။ သူ၏လှုပ်ရှားမှုက ရုပ်ရှင်ဇာတ်လမ်းတစ်ခုထဲမှ မင်းသားတစ်ယောက်ကဲ့သို့ စနစ်ကျ သေသပ်လှသည်။

ခင်ဗျား ဇာတ်ရည်လည်အောင် ရှင်းပြရမယ်ဆိုရင် ကျုပ်ဒီကို ထွက်လာခဲ့တာ ဟိုးတစ်ချိန်ကဆိုတဲ့ မေ့ထားတဲ့ အစကို ပြန်ဆွဲထုတ်ပြရမှာပဲ။ ဒီလိုဗျ။ ကျုပ်တို့အမျိုးထဲမှာ ဟိုနားဒီနား ဝင်ဆံ့တဲ့ အဖေ့ညီမတစ်ယောက်ရှိတယ်။ ဒေါ်လေးသီတဲ့။

တစ်နေ့ ဒေါ်လေးသီ ကျုပ်တို့အိမ်ကို ရောက်လာတယ်။ ခရီးရောက်မဆိုက် သူ့ဘေးလွယ်အိတ်ထဲက ရောင်စုံကြော်ငြာစာရွက်တွေ ထုတ်ပြတယ်။ ပြီးတော့ ပြောလိုက်တဲ့စကားတွေကလည်း စုံလို့။ ဒေါ်လေးသီက ရေပက်မဝင်အောင်ပြောလိုက်၊ အဖေနဲ့ အမေက ခေါင်းညိတ်လိုက်။ နောက်ဆုံး ဒေါ်လေးသီလည်း ပြန်သွားရော၊ အဖေက ကျုပ်ကို ခေါ်ပြောတယ်။ မင်း နိုင်ငံခြား

mgyoe.com

mgyoe.com SAMPLE BOOK

သွားရမယ်တဲ့. . .။ နိုင်ငံခြားဆိုတာ ကျုပ်က ဗီဒီယိုကားတွေထဲမှာသာ မြင်ဖူးတာ။ မင်းသား အထက်အောက် ဝမ်းဆက်ကြီးဝတ်၊ မျက်မှန်အနက်ကြီး တပ်လို့။ မင်းသမီးက မျက်ရည်လေး စမ်းစမ်း စမ်းစမ်းနဲ့လေဗျာ။ သိပ်ဝမ်းနည်း စရာကောင်းတဲ့ အခန်း၊ သိပ်ကြည့်ကောင်းတဲ့ အခန်းပေါ့။

ကျုပ် နိုင်ငံခြားထွက်တဲ့ ဇာတ်ဝင်ခန်းကတော့ ဘယ်ကြည့်ကောင်း ပါ့မလဲဗျာ။ တစ်ခါမှ မဝတ်ဖူးတဲ့ အဝတ်အစားတွေဝတ်ပြီး ငူတူတူကြီး။ ငူတူတူ မဖြစ်ခံနိုင်ရိုးလားဗျ။ ဝတ်ထားသမျှ ပါလာသမျှ အားလုံးက အတိုးနဲ့ ဆွဲခဲ့ရတာကိုး။ တစ်ရာ နှစ်ဆယ်တိုးတဲ့။

အတိုးဆိုလို့ ပြောရဦးမယ်။ အဲဒီအတိုးက ဒေါ်လေးသီက ထုတ်ချေး တာ။ ထုတ်ပေးတဲ့ငွေအတွက် အတိုးပေးရတဲ့အပြင် ကျုပ်ကို ရန်ကုန်က ပွဲစားနဲ့ချိတ်ပေးတဲ့အတွက် သပ်သပ် တစ်သိန်းပေးရသေးတယ်ဗျ။ အဲဒါက လည်း သူ့ပေးရမယ့်ငွေထဲ ပေါင်းမှတ်ထားလိုက်တာပါပဲ။ အဲဒီတော့ ကျုပ်မှာ နိုင်ငံခြားကို ငွေရှာဖို့သာ ထွက်လာရတာ။ ငွေတိုး ဆိုတာကြီးက ခေါင်းပေါ်မှာ မီးဖိုကြီး တစ်ဖိုလို ပါလာခဲ့ပြီးသား။

ကျုပ်နဲ့ လေယာဉ်တစ်စင်းတည်းစီးလာတဲ့ အဖော်တွေက ဒီနိုင်ငံ ရောက်ကတည်းက အေးဂျင့်က ဘယ်ခေါ်သွားမှန်း မသိဘူး။ ကျုပ်ကတော့ ဂျိုဟိုးဘာရူးပြည်နယ်ထဲက ပေပါစက်ရုံကို ရောက်သွားတယ်။ ခင်ဗျားသိတဲ့ အတိုင်းပဲ။ ကျုပ်က အိမ်မှာ ထမင်းတောင် ကိုယ်တိုင်ချက်မှ စားရမယ်ဆိုရင် မစားဘူး။ ရောက်သွားတာက ပေပါစက်ရုံဆိုတော့ တွက်သာကြည့်ပေတော့။ နေ့ရှိသရွေ့ ထုနေ ထောင်းနေရတော့တာ။ အိမ်တုန်းက နူဖတ်နေတဲ့ ကျုပ် လက်တွေက ဘုတွေ ဒစ်တွေနဲ့ ဖြစ်ကုန်တယ်။

ရတော့လည်း ကြည့်ဦး။ ကုန်းရုန်းသာ လုပ်နေရတာ။ ရတော့ တစ်ပဲ ခြောက်ပြား။ တစ်လလုံး လုပ်လို့ ရှစ်ရာ မပြည့်ဘူး။ ထမင်းစရိတ်နဲ့၊ အိမ်ကို ဖုန်းဆက်တာနဲ့ ဆိုတော့ လွန်ရောကျွန် ငါးရာ့ငါးဆယ်၊ ခြောက်ရာပေါ့။ အဲဒီထဲ အေးဂျင့်ဆိုတဲ့ကောင်က ဖြတ်လိုက်တောက်လိုက်တော့ "ဟဲ့. . . သား. . . ဘယ်လောက်လွှဲလိုက်သလဲ" လို့မေးလိုက်တိုင်း ကျုပ်မှာ ခွေးအကြီး လှည်းနင်းသလို ဖြစ်ဖြစ်နေတာ။ ကောင်းရောဗျာ၊ ဟား. . . ဟား. . .။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုထွန်းကျော်ထက်က သူ့ စကားသူ သဘောကျဟန်နဲ့ အားရပါးရ ရယ်ချလိုက်တော့ ကျွန်တော်တို့ကို အုပ်မိုးထားသည့် ကုက္ကိုပင်ကြီးထက်မှ ငှက်တစ်အုပ် အလန့်တကြား ထပျံသွားကြသည်။ လမ်းမကြီးထက်၌ ရောင်စုံကားတချို့ ပြေးလွှားနေကြသည်မှာ သက်ရှိပန်းချီကားတစ်ချပ်အား ကြည့်ရသည်နှင့်ပင် တူနေတော့သည်။ ကိုထွန်းကျော်ထက်က ခပ်လှမ်းလှမ်းမှ မာနကြီးတစ်ခွဲသားနှင့် ရပ်နေသော ကိုတာရာယာကုန်တိုက်ကြီးအား သဘောကျ နှစ်ခြိုက်စွာ ကြည့်ရင်း သူ့စကားအား ဆက်ပြန်သည်။

ကြံရာမရတဲ့အဆုံး ကျုပ် အဲဒီစက်ရုံကနေ ထွက်ပြေးလာခဲ့တယ်။ အေးဂျင့်ကိုလည်း မပြော၊ သူဌေးကိုလည်း မပြောဘဲ ထွက်လာခဲ့တာဆိုတော့ ကျုပ် အိုဗာစတေး ဖြစ်သွားတာပေါ့။ အိုဗာစတေး ဖြစ်ပြီးမှ ကျုပ်လုပ်ခဲ့တဲ့ အလုပ်တွေ ပြောရရင် ခင်ဗျားပါ မောသွားလိမ့်မယ်။ ဒါပေမယ့် အခုအချိန်မှာတော့ အဲဒါတွေ အားလုံးက လှေကားထစ်တွေပေါ့ဗျာ။ ကျုပ်ကို အမြင့်ကို ပို့ပေးတဲ့ လှေကားထစ်တွေပေါ့။

စိတ်ကြိုက် မတွေ့မချင်း ကျုပ်အလုပ်ပြောင်းလာလိုက်တာ နောက်ဆုံး လောင်းကစားရုံတစ်ရုံမှာ ကျုပ် အလုပ်မြဲသွားတယ်။ လုပ်ရတဲ့အလုပ်က မာကာ(Marker) ပေါ့ဗျာ။ မြန်မာပြည်မှာဆို သုံးဆယ့်ခြောက်ကောင်ပုံစံမျိုးပေါ့။ တရားမဝင် လောင်းကစားရုံပေါ့ဗျာ။

ပွဲတော်တွေ ရှိတဲ့အခါ ပွဲဈေးတွေ မှာ လိုက်ဖွင့်တယ်။ မရှိရင်တော့ ကိုယ့်ဆိုင်ခန်းမှာ ကိုယ်ပြန်ဖွင့်ရတယ်။ အလုပ်ကတော့ ဖြစ်ပါတယ်။ ဒါပေမယ့် သိတယ်မဟုတ်လား။ လောင်းကစားရုံ ဆိုတော့ လူဆိုးလူမိုက်တွေ လာတယ်။ ရန်ပွဲတွေ ဖြစ်တယ်။ ပြေးရလွှားရတာတွေ ရှိတယ်။ ဒါပေမယ့် အဲဒါတွေက ပြဿနာ မဟုတ်ပါဘူးဗျာ။ ပြဿနာက. . . ။

ကျွန်တော်တို့ ရှေ့တည့်တည့် ကားလမ်းမကြီးထက်၌ ကန့်လန့်ဖြတ် အနေအထားရှိသော ရထားလမ်းအတိုင်း မီးပုံ့ရထားတစ်စင်းက အရှိန်ပြင်းပြင်းနှင့် ဒုန်းစိုင်းသွားသည်။ ရထားနှင့် လိုက်ပါသွားသော မျက်လုံးတို့အား ပြန်ဆွဲယူပြီး ကိုထွန်းကျော်ထက်အား ကြည့်လိုက်တော့ သူက ဆေးလိပ်မီးအား မီးညှိနေရာမှ ပြုံးပြနေသည်။ မလေးရှား နေက မျိုသိပ်ထားခဲ့ရသမျှ

mgyoe.com

mgyoe.com SAMPLE BOOK

ဖွင့်အန်ချခွင့်ရသလို အငြိုးအတေးဖြင့် အစွမ်းကုန် ပူပြနေသည်။ ကျွန်တော် လှင့်နေသောစိတ်အား ကိုထွန်းကျော်ထက်ထံ ပြန်ပို့လိုက်သည်။

ပြဿနာက ကျုပ် အဖမ်းခံရတာပဲ။ ကျုပ် အဲဒီလောင်းကစားရုံမှာ လုပ်နေတုန်း တစ်နှစ်မပြည့်ခင် အဖမ်းခံရတာပေါ့။ အဖမ်းမခံရခင်တော့ ရသလောက် ကျုပ် ပိုက်ဆံပို့ပေးပါသေးတယ်။ ပို့သာ ပို့ရတာပါဗျာ။ ပို့သမျှ ဒေါ်လေးသီအတွက်ချည်းပဲ။ အတိုးလေးအရင်ဆပ်၊ အဲ. . . အရင်းလည်း ဆပ်မယ်ကြံရော ထောင်ထဲရောက်သွားတာပဲ။

အရင်ဆုံး ကျုပ်ကို စွန်ဂိုင်းဘူလို့ထောင်ကို ပို့လိုက်ကြတယ်။ အဲဒီ ထောင်ကြီးက မသိရင် မန်ချက်စတာယူနိုက်တက်ခ် ဘောလုံးကွင်းကြီးထဲပဲ ရောက်သွားသလိုလိုဗျ။ အလယ်မှာ ကွင်းပြင်အကျယ်ကြီးရှိပြီး ဘေးပတ်ချာ လည်က ပုံစံတူအဆောက်အဦးတွေနဲ့ ဝိုင်းထားတာ။ ကွင်းပြင်ထဲကို အဆောင် တွေပေါ်ကနေ အလွယ်တကူ မြင်ရတယ်။ အဆောင်ပေါင်း အတိအကျတော့ မမှတ်မိတော့ဘူးရယ်။ များတော့ များတယ်။ တစ်ဆောင်ကို အထပ် သုံးထပ်။ တစ်ထပ်မှာ အခန်းပေါင်း ခုနစ်ခန်းဆိုတော့ တစ်ဆောင်ကို အခန်းပေါင်း နှစ်ဆယ့်တစ်ခန်းပေါ့။ တစ်ခန်းကို အနည်းဆုံး လူ ငါးယောက်နေရတယ်။

အဲဒီဆောင်ကို ရောက်လာတဲ့ လူတွေကတော့ အစုံပေါ့ဗျာ။ ကြိုးမိန့် ကျမယ့်လူတွေ ပါတယ်။ မုဒိန်းမှု ကျူးလွန်တဲ့ လူတွေပါတယ်။ ဆေးမှု၊ လု ယက်မှု စုံလို့ပေါ့ဗျာ။ ကျုပ်ကတော့ "ကိုဆုန်း" မှုတဲ့။ သဘောကတော့ လက် ထဲ ဘာမှမရှိတဲ့ အမှု၊ အိုဗာစတေးမှုပေါ့ဗျာ။ အဲဒီထောင်ထဲမှာ ကျုပ် တစ်လ နေရတယ်။ ရမန်ယူတာတဲ့။ အဲဒီထောင်ကို ရောက်လာတဲ့လူတွေက အမိန့် မချရသေးတဲ့ လူတွေဗျ။ အမိန့်ချပြီးတော့မှ တခြားနေရာကို ပို့မှာတဲ့။ အဲဒီ ထောင်ထဲမှာ နေရတဲ့ ရက်တွေကတော့ အဆင်ပြေပါရဲ့ဗျာ။ မသိများ မသိရင် တော့ လေ့လာရေးပဲ သွားနေရသလိုလို။

အဲဒီကနေ တစ်လပြည့်တော့ ကျုပ်ကို ကာဂျန်းထောင်ပို့လိုက်တယ်။ အဲဒီထောင်ကျတော့ တစ်မျိုး။ အင်္ဂလိပ်အက္ခရာ "တီ"(T) ပုံစံလိုမျိုး။ နိုင်ငံ ရေးသမား၊ ကြိုးသမား၊ ဆေးသမား။ သူ့လိုင်းနဲ့သူ။ အဲဒီ ကာဂျန်းထောင်ကမှ တကယ့်ထောင်ဗျို့။ ထောင်ထဲကို ရောက်ရောက်ချင်း ကျုပ်ဆံပင်မွေး လက်

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ဆစ်လောက်ကို မော်တာနဲ့ ထိုးချပစ်တော့တာပဲ။ ပြီးတော့ ကျုပ်ကို လာမေးတယ်။ အလုပ်လုပ်မှာလားတဲ့။ ထောင်ထဲမှာ အလုပ်လုပ်မှာလား ဆိုတော့ ကျုပ် အံ့သြသွားတယ်။ ဘာလုပ်ရမလဲဆိုတော့ လက်အိတ်စက်ရုံ ဖြစ်ဖြစ်၊ မီးချောင်းစက်ရုံဖြစ်ဖြစ်၊ မီးဖိုဆောင်မှာပဲဖြစ်ဖြစ် ကြိုက်တာ လုပ်တဲ့။ တစ်နေ့ လေးကျပ်ပေးမယ်တဲ့။

ကျုပ်နေရတဲ့ အခန်းထဲက ကျုပ်ရယ်၊ နောက်ထပ် လူသစ်တစ်ယောက်ရယ် စာရင်းပေးလိုက်ကြတယ်။ အလုပ်က မီးဖိုဆောင်အလုပ်ကိုပဲ ရွေးလိုက်တယ်။ အလုပ်စဆင်းတော့ ဘာရယ်မဟုတ်ပါဘူး။ ထောင်သားတွေ စားဖို့ ထမင်းချက်ရတာပါ။ ဆန်ကတော့ အပြင်ဆန်လိုပါပဲ။ ဟင်းကတော့ ပုံမှန် ငါးကြော်တစ်တုံး၊ ကန်စွန်းရွက်ကြော်ဖြစ်ဖြစ်၊ တခြားအသီးအရွက် ဖြစ်ဖြစ် တစ်ခွက်ပါတယ်။

ခင်ဗျား တွေးမိလား. . .။ လေးကျပ်ထဲနဲ့များ လုပ်နေရသေးသလားလို့။ မလုပ်ချင်လည်း ရတယ်ဗျ။ ကိစ္စမရှိဘူး။ ထမင်းတော့ ကျွေးတာပါပဲ။ ဒါပေမယ့် လုပ်တော့ ထောင်သားတွေ ပို့ပြီးတာနဲ့ အမုန်းဆွဲရတော့တာ။ ထောင်သားချင်း အတူတူ ကျုပ်တို့က ဗိုက်ခွေးနမ်းတဲ့ ထောင်သားပေါ့။

ပထမဆုံးနေ့ကတော့ အလုပ်က ရွှန်းလို့ဗျို့။ တစ်နေ့ နှစ်ကြိမ် ကွင်းပြင်ထဲမှာ တန်းစီလိုက်။ စားဖိုချောင်မှာ ချက်ပြုတ်လိုက် ပို့လိုက်။ အလုပ်လုပ်ရတာ ပျော်စရာတောင်ကောင်းသေး။ ဒါပေမဲ့ ကျုပ်တို့က လူသစ်ဆိုတော့ နည်းနည်းတော့ အငေါက်ခံရ ပိုလုပ်ရတာပေါ့။ အသစ်ဖြစ်ရတာ ထောင်ထဲမှာ တောင် မကောင်းဘူး ကိုယ့်လူရေ။ တွေ့ရတာကလည်း လူမျိုးစုံဆိုတော့။

နောက်နေ့လည်းရောက်ရော ပြဿနာတက်တော့တာပဲ။ ကျုပ်နဲ့ တစ်ခန်းထဲနေတဲ့တစ်ယောက်က မလုပ်ချင်တော့ဘူးတဲ့။ အခန်းထဲမှာ ခွေနေခဲ့တယ်။ ကျုပ်တို့ နေ့လယ်စာစားသောက်ပြီး ပြန်လာတော့ အခန်းထဲမှာ အဲဒီ တစ်ယောက်မတွေ့တာနဲ့ မေးကြည့်တော့ အခန်းထဲက လူတွေက ထောင်အလယ်က ကွင်းပြင်ကြီးကို မေးငေါ့ပြတယ်။ လား. . . လား. . . နေပူထဲ အမဲခြောက်ကင်နေတာဗျို့။ ကျုပ်လူတစ်ယောက်တည်း မဟုတ်ဘူး စုစုပေါင်း ခုနစ်ယောက်တောင်။ တမံတလင်းပြောင်ပေါ် မှာ ပက်လက်လှန်၊ ခြေထောက်

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ချောင်းကို ဒကောက်ကွေးကနေ အထက်မြှောက်၊ လက်နှစ်ဖက် နောက်ပစ်ပြီး ခေါင်းကို ပြန်မထားရသေးတယ်။ ချွေးတွေသံတွေနဲ့ တစ်ချက်မှ လှုပ်ခွင့်မရဘူး ။

ကျုပ်ကြည့်နေတုန်းမှာပဲ ထောင်ထဲမှာ ယူကေဘီလို့ခေါ်တဲ့ ဒေါင်ကောင်းကောင်း ခပ်တောင့်တောင့်လူတွေ ဝတ်စုံပြည့်နဲ့ ထွက်လာကြတယ်။ လက်ထဲမှာလည်း သံချိုင့်ကြီးတွေ တစ်ယောက်တစ်လုံးနဲ့ ။ ခင်ဗျားမြင်ရင် ဒူးတွေတုန်နေမှာ မြင်ယောင်သေးတယ်။ အင်္ကျီချွတ်ပြီး ခါးတောင်းကျိုက်ပေးလိုက်တော့ ဇာတ်တော် ပန်းချီကားထဲက ငရဲသားကြီးတွေလားကျလို့။

အဲဒီလူတွေက ဟိုအမဲခြောက်တွေဆီသွားပြီး သံချိုင့်ထဲက အရည်တွေနဲ့ လောင်းပါရောဗျို့။ လောင်းလည်းချလိုက်ရော ဟိုလူတွေက "ပါးနပ် . . . ပါးနပ်" လို့ ထအော်တယ်။ ဩော် . . . ပါးနပ်ဆိုတာလား ပါးနပ်ဆိုတာ ပူတယ်လို့ အော်တာ ။ အော်လိုက်တာမှ အသံပြဲကြီးတွေနဲ့ အော်တာ။

"ပါးနပ် . . . ၊ ပါးနပ်လား ရော့၊ ပါးနပ်လား ရော့" ဆိုပြီး ပူတယ်ပူတယ်လို့ အော်တာနဲ့ စီးထားတဲ့ ဖိနပ်နဲ့ နီးရာ ကျုံးကန်တော့တာပဲ ဗျို။ အရှင်လတ်လတ်ကို ရေနွေးပူလောင်းမှတော့ အော်ပြီပေါ့။ ဒါကို အော်ရမလား ဆိုပြီး ထပ်ကန်တော့ သေပြီပေါ့ ။

လောင်းချလိုက် ၊ အော်လိုက်၊ ကန်လိုက်နဲ့ ကြာတော့ နေပူထဲက လူခုနစ်ယောက်လုံး အသေကောင်ကြီးတွေလို အရုပ်ကြိုးပြတ် ဖြစ်သွားတယ်။ ပုံကျသွားတဲ့ လူတွေကို နေပူထဲ ဒီအတိုင်း ပစ်ထားလိုက်တာဗျ။

ကျုပ်လည်း ညနေပိုင်း မီးဖိုချောင်ဝင်၊ စားသောက်ပြီး ပြန်လာလို့ ကြည့်လိုက်တော့ ဘယ်ရွှေ့သွားလည်း မသိဘူး။ တစ်ယောက်မှ မရှိတော့ဘူး။ တချို့ကလည်း သေရောပေါ့တဲ့။ တချို့ကလည်း မြစ်ထဲ မျှောပစ်ပြီတဲ့။ သေချာတာကတော့ ထောင်ထဲကို အဲဒီလူတွေ လုံးဝပြန်မလာကြတော့ဘူး။

ကျုပ်လည်း တော်တော်ကျွတ်သွားတယ်။ အလုပ်ကို မှန်မှန်သွားတယ်။ အထဲမှာ လိမ်လိမ်မာမာနေတယ်။ တကယ်တမ်းပြောရရင် ကျုပ်အမှုက သိပ်မကြီးဘူးဗျ။ ပတ်စပို့စ် မရှိတဲ့ အမှုဆိုတော့ အမှုသေးပေါ့။ ဟင် . . . ရှိတာပေါ့ဗျ။ ဒီနိုင်ငံမှာ ဒီလိုပဲ ရှောင်ရင်းတိမ်းရင်း နေကြတဲ့လူတွေ ရှိတာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

ဖမ်းမိတော့လည်း ထောင်ထဲဝင်လိုက်၊ ပြန်ထွက်လာတော့လည်း ပြန်လုပ်စားလိုက်ကြပေါ့။

အဲဒီ ကာဂျန်းထောင်ထဲမှာ တစ်လနဲ့ နှစ်ဆယ့်ငါးရက်ကြာတော့ ကျုပ်ကို ထောင်အရာရှိတစ်ယောက်က ခေါ်တွေ့တယ်။ ဘာလူမျိုးလဲတဲ့။ ကျုပ်လည်း မြန်မာပါပေါ့။ ဘာလာလုပ်တာလဲတဲ့။ အလုပ်လာလုပ်တာပေါ့။ ဘာလို့ ပတ်စပို့စ်နဲ့ မလာတာလဲတဲ့။ ကျုပ်လည်း ဘယ်နေလိမ့်မတုန်း။ လာတုန်းကတော့ ပတ်စပို့စ်နဲ့ လာတာပါတို့၊ ဘာတို့ ပြန်ပြောတာပေါ့။ မြန်မာပြည်ပြန်မလား၊ ဒီနိုင်ငံမှာပဲဆက်ပြီး အလုပ်လုပ်ချင်သေးလားတဲ့။

အဲဒီလို မေးလိုက်တဲ့အချိန်မှာ ကျုပ်မျက်လုံးထဲ တန်းဝင်လာတာက ဘယ်သူ့မျက်နှာကြီး ဖြစ်မလဲ ခင်ဗျား စဉ်းစားကြည့်ဗျာ။ တချို့ဆို အဖေမျက်နှာ၊ ဒါမှမဟုတ် အမေ့မျက်နှာပေါ့။ ဒါမှမဟုတ် မိန်းမမျက်နှာ၊ ဘာညာပေါ့ဗျာ။ ကျုပ်ကတော့ အဲဒါတွေ တစ်ခုမှ မဟုတ်ဘူးဗျာ။ ကျုပ် မြင်လိုက်မိတာက. . .။

လေပူတချို့က ကုက္ကိုလ်ရွက်အဟောင်းတို့အား ဆွဲခါပစ်လိုက်သည်။ လေပွေအသေးစားလေးနှင့်အတူ အမှိုက်တချို့ ဝေ့၍ ဝေ့၍ လေထဲသို့ မြောက်တက်ပါသွားကြသည်။ လမ်းမကြီးပေါ်၌ ကားတန်းကြီးက ရထားကြီးတစ်စင်း ရပ်ထားသကဲ့သို့ ယာဉ်ကြောကျပ်လျက် ရှိသည်။ ကိုထွန်းကျော်ထက်က ပြောလက်စ စကားကို ခဏရပ်ပြီး ဆေးလိပ်ကို အငမ်းမရ ဖွာရှိုက်နေပြန်သည်။ သူ့ပါးစပ်မှ မှုတ်ထုတ်လိုက်သော မီးခိုးငွေ့တို့က ဝလုံး ပုံသဏ္ဌာန် အကွင်း အကွင်းမှ ကြီး၍ ကြီး၍ လေထုထဲ၌ လွင့်ပြယ် ပျောက်ကွယ်သွားသည်။

ကျုပ် မြင်လိုက်မိတာက ကျုပ်အဒေါ် ဒေါ်လေးသီရဲ့မျက်နှာကြီးဗျ။ မရယ်ပါနဲ့ဗျ။ တကယ်ပြောတာ။ ခင်ဗျားတွက်ကြည့်လေဗျာ။ သူ့ဆီက ယူထားတဲ့ ငွေတိုးတွေ ဘယ်လောက်အထိ များနေပြီလဲဆိုတာ။ ပြန်ချင်လိုက်သမှဗျာ။ အဖေရယ်၊ အမေရယ်ကလွဲလို့ ကျန်တာတွေ ဘာမှမတွေးချင်တော့ဘူး။ ဘယ်လောက် ဆင်းရဲ ဆင်းရဲ၊ နောက်ဆုံး လျှာပေါ်မြက်ပင် ပေါက်ချင်ပေါက်ပါစေဗျာ။ အိမ်ကို ပြန်လိုက်ချင်တာပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါပေမယ့် ကျုပ် အဲဒီအရာရှိကို ဖြေလိုက်တယ်။ ဒီနိုင်ငံထဲမှာပဲ ဆက်နေချင်သေးတယ်လို့။ အဲဒီအရာရှိကလည်း စားပေါက်ထွင်နေကျနဲ့ တူပါရဲ့ဗျာ။ ချက်ချင်း ခာတ်ပုံတစ်ပုံ ထုတ်ပြတယ်။ မင်း အဲဒီသူဌေးဆီမှာ အလုပ်လုပ်ရမယ်တဲ့။ အလုပ်က ကားရေဆေးအလုပ်။ ဒါပေမယ့် ပထမ ခြောက်လစာကို အရာရှိက သူထုတ်ယူရလိမ့်မယ်တဲ့။ သူပြောသလိုဆို ခြောက်လကျော်မှ ကျုပ်ရမှာပေါ့ဗျာ။ စဉ်းစားနေချိန် မရပါဘူးဗျာ။ ကျုပ် ခေါင်းပဲ တွင်တွင် ညိတ်ခဲ့ရတာပေါ့။

နောက်နေ့ကျတော့ ကျုပ်ကို ကားတစ်စီးပေါ် တင်ပေးလိုက်တယ်။ ကားရေဆေးရမယ့်အလုပ်ကို ကျုပ် ရောက်သွားရောဆိုပါတော့။ တစ်လ၊ နှစ်လ၊ ခြောက်လ၊ အဲဒီခြောက်လမှာ သူဌေးက ထမင်းကျွေးထားတယ်။ ခြောက်လကျော်မှ လစာပေးတယ်။ ထမင်းဖိုးတွေ ပြန်ပေးရတယ်။ အဲဒီတော့မှ ကျုပ်အိမ်ကို ဖုန်းဆက်နိုင်တော့တယ်။ ဒါပေမယ့် ကျုပ် ကံမကောင်းပါဘူးဗျာ။ ကျုပ် ဖုန်းဆက်တော့ အဖေ ဖုန်းလာပြောတယ်။ "မင်းအမေ မရှိတော့ဘူး" တဲ့။ ကျုပ်အမေ ဆုံးပြီတဲ့ဗျာ။

ဟော. . . ခင်ဗျား စိတ်မကောင်းဖြစ်သွားသလား။ မဖြစ်ပါနဲ့ဗျာ။ ကျုပ်လည်း မပြောမဖြစ်လို့ ပြောရတာပါ။ အဲဒါပဲ။ အဖေ့ဆီ ဖုန်းဆက်ပြီး ကျုပ်လည်း ပေါက်တဲ့နဖူး မထူးတော့ဘူးဆိုပြီး ဒီမှာပဲ ဆက်လုပ်နေလိုက်တော့တယ်။ လူ့ကံဆိုတာ ခက်တော့ အခက်သားလားဗျာ။ သိပ်မကြာပါဘူး။ ကျုပ်အလုပ်ရှင် သူဌေးလည်း သေသွားတယ်။ အဲဒီမှာ ကျုပ်ကံကောင်းလာတယ် ပြောရမှာပေါ့။ သူဌေး မရှိတော့ တစ်ယောက်တည်းသော အလုပ်သမားဖြစ်တဲ့ ကျုပ်က သူဌေးမိန်းမအတွက် လူယုံဖြစ်လာတာပေါ့။

ဩော်. . . သူဌေးမိန်းမက အင်ဒိုနီးရှားမဗျ။ မလုပ်တတ်၊ မကိုင်တတ်နဲ့။ သူနဲ့ကျုပ်နဲ့ နှစ်ပါးသွားရတာပေါ့။ ဟဲ. . . ဟဲ. . . ကုန်ကုန်ပြောရရင် သူနဲ့ကျုပ်နဲ့ ညားကြလေသတည်းပေါ့ဗျာ။ ဘယ်ရမလဲဗျ။ ဒီနိုင်ငံသူတွေ များတော့ ကျုပ်တို့လိုကောင်တွေက မော့တောင် ကြည့်လို့ရတာ မဟုတ်ဘူး။ ဒါ. . . အင်ဒိုနီးရှားမ မို့လို့ပေါ့။

ကျုပ်လည်း သူတို့ ကားရေဆေးတဲ့လုပ်ငန်းကို ဖြုတ်ပစ်ပြီး ကျုပ်

mgyoe.com

mgyoe.com SAMPLE BOOK

ကျွမ်းကျင်တဲ့အလုပ်ကို ပြောင်းပစ်လိုက်တယ်။ ဗျာ. . . ။ ကျွမ်းကျင်တယ် ဆိုတာထက် ခံရပါများလာတော့ သိလာတာပေါ့ဗျာ။ ဟုတ်တယ်။ ဟုတ်တယ်။ အခု ခင်ဗျားမြင်တဲ့အတိုင်းပဲ။ ကျုပ်အေဂျင်စီတစ်ခု ထောင်ထားတယ်။ တကယ်လို့ ခင်ဗျားအသိ တချို့ လာချင်ရင် ကျုပ် ခေါ်ပေးလို့ရပါတယ်။

ဘာလုပ်ချင်သလဲ၊ စက်ရုံလား။ စားသောက်ဆိုင်လား။ စိုက်ပျိုးရေး လား။ ကြိုက်တာပြော။ ငွေထုတ်ပေးလို့လည်း ရတယ်။ တစ်ခုတော့ ရှိတယ်။ ကျုပ်ကတော့ ကျုပ်အဒေါ်လို အတိုးနဲ့မဟုတ်ဘူးဗျ။

ကျုပ်က ဒီရောက်မှ ကြည့်ကျက်လုပ်တာ. . .။ ရော့. . . ဒါက ကျုပ်ဘီးစီးနင်းကတ်။ အခုတော့ ကျုပ်သိသွားပြီဗျာ။ လောကကြီးထဲ လက်မ ထောင်နိုင်ဖို့ ခေတ်ကို ကောင်းကောင်း အသုံးချတတ်ဖို့ပဲ ဆိုတာ. . .။

ကဲ. . . သွားပြီနော် စာရေးဆရာ၊ တာ့. . . တာ။

*စာပွင့်လွှာ ရသစုံမဂ္ဂဇင်း*
*အတွဲ (၁)၊ ဇူလိုင်လ၊ ၂၀၁၂ ခုနှစ်။*

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ဝေးရပ်မြေရပ်ခြား ပေးစာများ

(၁)

ညီလေးရေ . .

မင်္ဂလာပါကွာ။ အစစအရာရာ အဆင်ပြေပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ ဘာလိုလိုနဲ့ မင်းပြည်ပကို ထွက်သွားတာ ရက်လနှစ်တွေတောင် အတော်ကြာညောင်းခဲ့ပြီနော်။ မင်းပြည်ပ ရောက်သွားပြီးတဲ့ နောက်ပိုင်း ကိုယ်လည်း အရင်လို စာအုပ်ဆိုင်လေး အဖော်ပြုပြီး စာတိုပေစလေးတွေ ရေးရင်း ရပ်ရေးရွာရေးကို တတ်နိုင်သလောက် လုပ်ပေးနေပါတယ်။

ညီလေးရေ . . . မင်းက (မင်းသူငယ်ချင်းတွေရော၊ အခြားပြည်ပရောက်နေသူတွေပါ) နေ့ရှိသ၍ စက်ရုပ်တစ်ရုပ်လို အလုပ်လုပ်နေရတယ်လို့ ဖုန်းထဲကပြောတော့ ကိုယ်တကယ် စိတ်မကောင်းခဲ့ပါဘူးကွာ။ ပြီးတော့ မင်းတို့အားလုံး ပိုက်ဆံနောက်ကို လိုက်ရင်း လိုက်ရင်း ခေတ်စနစ်နဲ့ ကမ္ဘာ့ရေးရာတွေနဲ့ မျက်ခြေပြတ်သွားမှာလည်း စိုးရိမ်မိတယ်။ အဲဒီစိုးရိမ်စိတ်နဲ့အတူ မင်းပို့ပေးတဲ့ email လေးတွေကနေတဆင့် မင်းတို့ရောက်နေတဲ့ တိုင်းပြည်ရဲ့ စရိုက်လက္ခဏာတွေကို သိရတော့ စိုးရိမ်စိတ်က ပိုလို့တောင် ရင့်သန်ကြီးထွားရပါတယ်။

mgyoe.com